# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၆)


**မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး**

**စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်။**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့အစိုးရတာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံက ဆောင်ရွက်သွားနိုင်သည်များကို လေ့လာသုံးသပ်ဆန်းစစ် အဖြေရှာဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ မိုးလေဝသ**

နေပြည်တော်
မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။
ရန်ကုန်
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
မန္တလေး
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ယနေ့ ဖတ် စ ရာ**

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)**

ဆောင်းပါး ➤ ၆

---

**မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု**

ဆောင်းပါး ➤ ၁၂

## မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၇

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

*စာမျက်နှာ ၂ ကော်လံ ၃* ❖

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး၀-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့်လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်

**အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုနိုင်တော့မည်**



နေပြည်တော် ဇူလိုင် ၇

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်သော တမူး-ကလေးလမ်းကြောင်းမှတစ်ဆင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❑




# “ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ် ”

○ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်လို**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်း လိုအပ်**ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော် တာဝန်ယူဆောင်ရွက်သည်မှာ သုံးလတာကာလအတွင်းသို့ ရောက်ရှိလာပြီးဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများတိုးတက်မှုအခြေအနေများကို လစဉ်ဆန်းစစ်သုံးသပ်ဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးပြီး မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအားများမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ရခြင်းသည်လည်း ငွေကြေးတန်ဖိုးပြောင်းလဲမှုများကြောင့်ဖြစ်သည့် အကျိုးဆက်များကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများတိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့်ရရှိသည့် နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကိုတင်သွင်း နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝင်ငွေနှင့် ထွက်ငွေများမျှတနေမှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ မြင့်မားလာစေရေး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပို့ကုန်များအရေအတွက်များများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လို**ကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များ ပြည်ပသို့ တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ အဓိက သီးနှံဖြစ်သည့် ဆန်တင်ပို့မှုလျော့နည်းခဲ့သကဲ့သို့ အခြားစိုက်ပျိုးသီးနှံအချို့ တင်ပို့နိုင်မှု လျော့နည်းခဲ့ကြောင်း၊



- **ပို့ကုန်များအရေအတွက်များများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လို**
- **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များ ချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျ**
- **သက်ဆိုင်ရာကဏ္ဍများအလိုက်တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လို**

ထို့ကြောင့် စိုက်ပျိုးရေးပို့ကုန်များ အရေအတွက်များများထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံ၏ အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်တင်ပို့မှုကို ပိုမိုထုတ်လုပ် တင်ပို့နိုင်ရန်လိုကြောင်း။

**စက်သုံးဆီနှင့်စားသုံးဆီများ ပြည်ပမှတင်သွင်းမှုနှင့် သုံးစွဲမှုလျှော့ချနိုင်ရေး နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားကြရန်လို**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များ ချမှတ်ရာတွင် အခြေခံ**ကိန်းဂဏန်းအချက်အလက်များသည် အဓိကကျ**ကြောင်း၊ သို့ဖြစ်၍ **သက်ဆိုင်ရာကဏ္ဍများအလိုက်တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လို**ကြောင်း၊ အလားတူလုပ်ငန်းများ အောင်မြင်မှုရှိစေရေးအတွက် ကာလတိုဆောင်ရွက်ခဲ့သည့် သုတေသနများနှင့် ကာလရှည်ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကိုလည်း မဖြစ်မနေသုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများ များစွာသုံးစွဲရလျက်ရှိကြောင်း၊ **စက်သုံးဆီနှင့် စားသုံးဆီများကိုတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် **လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်**သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့် မီးရထားများ အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဘက်ထရီစနစ်သုံး ရထားစက်ခေါင်းများကို တပ်ဆင်ထုတ်လုပ်အသုံးပြုလျက်ရှိပြီး ထပ်မံ၍လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံသည် စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး ဆန်စပါးကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့်ဖွဲနုများမှ ဖွဲနုဆီများကို ထုတ်လုပ်ရရှိနိုင်**ကြောင်း၊ ထို့ကြောင့် **ပြည်တွင်းဖွဲနုဆီများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးဖိတ်ခေါ် ဆောင်ရွက်သွားရန်လို**ကြောင်း၊ အလားတူ အရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီစက်များဖြင့် ကြိတ်ခွဲနိုင်ရေး နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းစားသုံးဆီများဖူလုံမှုရှိစေရေးအဓိက ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်းစသည့် ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်း တိုးတက်လာစေရေး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်သည့်အားပေးကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးရန်လိုကြောင်း။

သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတိုးတက်အောင် သုတေသနပြုလုပ်ရန် လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း ပြည်ပဈေးကွက် လိုအပ်ချက်များအထိ (Supply Chain) တစ်ခုလုံးကို သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

**တရားမဝင်ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် အခြေခံစားကုန်များဖြစ်သည့် အသား၊ ငါးနှင့် မီးဖိုချောင်သုံးသီးနှံများကို ဈေးကွက်လိုအပ်ချက်များ အများအပြားရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အဆိုပါဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ သို့သော်လည်း အချို့သောလမ်းကြောင်းများနှင့် ဒေသများ၌ လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် အပြည့်အဝတင်ပို့နိုင်ခြင်း မရှိကြောင်း၊ **ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျ စစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန်လိုပြီး တရားမဝင် ကုန်သွယ်မှုများလုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ကုန်ပစ္စည်းများကို မှောင်ခိုသွင်းခြင်း၊ တင်ပို့ခြင်းများ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများမရရှိခြင်း၊ အရည်အသွေးပြည့်မီမှုမရှိသည့် ကုန်ပစ္စည်းများကို ပြည်သူများသုံးစွဲနေကြရခြင်းတို့ကို ကြုံတွေ့ခဲ့ကြရသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း အဂတိမှုများကို ကျူးလွန်ခဲ့ကြသည်ကို တွေ့မြင်ရကြောင်း၊ **ကုန်ပစ္စည်းများကို တရားမဝင်ရရှိထားသည့် ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုပြုနေခြင်းကို မိမိတို့အနေဖြင့် လက်ခံ၍ရမည်မဟုတ်**ကြောင်း၊ ဝိသမလောဘသမားများ၏ စီးပွားရေးအရ ဈေးကွက်ကစားနေမှုများကို မိမိတို့အနေဖြင့် တရားဝင်ကုန်သွယ်မှုဖြင့် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာအောင် အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအရလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများအား ပြည်တွင်း၌ အလုံးစုံတပ်ဆင်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်**

**လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းခြင်းအစား ပြည်တွင်း၌ အစမှအဆုံး အလုံးစုံတပ်ဆင်ထုတ်လုပ်ခြင်းများကို**

*စာမျက်နှာ ၄ သို့*

- **စက်သုံးဆီနှင့်စားသုံးဆီများကိုတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို**
- **လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်**
- **စက်သုံးဆီသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့် မီးရထားများ အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိ**

- **လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများနှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းခြင်းအစား ပြည်တွင်း၌အစမှအဆုံး အလုံးစုံတပ်ဆင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများရရှိနိုင်မည်**
- **ကလေးငယ်များအား အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဖြစ်စေလိုဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**
- **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန်လို**
- **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်ကနိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ်ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို**

*စာမျက်နှာ ၃ မှ*

**ဆောင်ရွက်သွားနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများ ရရှိနိုင်မည်**ဖြစ်ကြောင်း၊ EV ကားများကို ပြည်တွင်း၌ အစမှအဆုံး အောင်မြင်အောင် ထုတ်လုပ်နိုင်မှသာလျှင် ပြည်သူများ ကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများ သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း၊ EV ကားများအား ပြည်တွင်း၌ပင် အစမှအဆုံး အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ် ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့် စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူ လူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးရန်လိုကြောင်း၊ ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရန်လိုပြီး စာပေပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်သည့် ကလေးငယ်များဖြစ်စေရေး၊ သုတရသ အသိအမြင်နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေးအတွက်လည်း အားကစားကွင်းများ၊ စာကြည့်တိုက်များအပြင် အခြားအခြေခံလိုအပ်ချက်များ ပြည့်မီနေရန်လိုကြောင်း၊ **ကလေးငယ်များအား အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဖြစ်စေလိုဘဲ ပညာရေး ထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ် ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများ လှုပ်ရှားလျက်ရှိသည့် အချို့ဒေသများတွင် ပညာရေးပိုင်းဆိုင်ရာများ၌ ယခင်ကထက်သိသိသာသာ အားနည်းလာသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစကောင်းမှ အနှောင်းသေချာမည် ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ အမှန်တကယ် တတ်မြောက်မှုရှိစေရေး ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီးများအနေဖြင့်လည်း မိမိတို့ ဦးဆောင်ဦးရွက်ပြုကြရသည့် ကဏ္ဍများအလိုက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုပြီး မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဒေသနှင့် နိုင်ငံအကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် Agro-Based Industry ကိုမဖြစ်မနေ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အတွက် အခြေခံအကျဆုံးနှင့် အဖြစ်နိုင်ဆုံး ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်သည့် MSME ကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူခရီးသွားကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ဒေသအလိုက် ထုတ်လုပ်လျက်ရှိသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် ဒေသထုတ်ကုန်ပစ္စည်းများသည်လည်း အရည်အသွေးမြင့် ကုန်ပစ္စည်းများဖြစ်ရန်လိုပြီး ထုပ်ပိုးမှုမှအစ အရည်အသွေး ကောင်းမွန်ပြီးအဆင့်အတန်း မြင့်မားရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝမှပေးထားသည့် ရေခံမြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာ ပိုင်ဆိုင်ထားရှိကြောင်း၊ သို့ဖြစ်၍ ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့ခြင်းများ အပါအဝင် အခြားထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေး ပြည့်မီစွာဖြင့် အဆင့်မြှင့်တင်ဆန်းသစ် ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်နိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှတစ်ဆင့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ်ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းများဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News

---

❑ *ရွှေဖုံးမှ*




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု နေရာပြမြေပုံ

ကလေးဝ-မုံရွာသို့ ဖြတ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အထိ ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရန် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဇွန် ၂ ရက်မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းပိုင်းအား အပြည့်အဝ ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၁ ရက်တွင် မြေနီကျေးရွာအား လည်းကောင်း၊ ဇူလိုင်လ ၂ ရက်တွင် စည်ပင်သာကျေးရွာအား လည်းကောင်း၊ ဇူလိုင်လ ၃ ရက်တွင် မိုင်တစ်ရာတဲစုကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၆ ရက်တွင် သဲကြမ်းတဲစုကျေးရွာအား လည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင်လ ၇ ရက် ယနေ့ညနေပိုင်းတွင် ကလေးဝရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းနိုင်ခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာ ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကလေးဝ-ကလေး - ဖလမ်း - ဟားခါး-ထန်တလန်သို့ လည်းကောင်း၊ ကလေးဝ - ကလေး - တီးတိန်-တွန်းဇံ-ကျီခါးသို့ လည်းကောင်း၊ ကလေးဝ-မုံရွာ-မြင်းမူ-စစ်ကိုင်း-မန္တလေးသို့ လည်းကောင်း ဆက်သွယ် သွားလာနိုင်ပြီဖြစ်ပြီး ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည် ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ကလေးဝမြို့သို့ ရောက်ရှိလာသည့် တပ်မတော် စစ်ကြောင်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများသည် အဆိုပါလမ်းကြောင်းတစ်လျှောက်၌ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခဲ့သည့် ကျေးရွာများအား သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ ကလေးဝ - ယာကြီး-မုံရွာ လမ်းကြောင်းသည် ၁၁၅ မိုင်ရှည်လျားပြီး နိုင်လွန်ကတ္တရာ အမျိုးအစားလမ်းဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည် စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် မုံရွာ - မန္တလေးလမ်းကြောင်းသို့ တိုက်ရိုက် ချိတ်ဆက်ပေးသောကြောင့် ကုန်စည်စီးဆင်းရန် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့လှသည့် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလည်းဖြစ်သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်နှင့် ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းပိုင်းအတွင်း အကြမ်းဖက်များ ဖျက်ဆီးခဲ့သည့် လမ်း၊ တံတား နေရာများအားလည်း ပုံမှန်အတိုင်းပြန်လည်အသုံးပြုသွားလာနိုင်ရေး လိုအပ်သည့်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်
ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၆ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်များကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၂ တွင် ပါရှိသော "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ တွင်ပါရှိသော "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၆ တွင်ပါရှိသော "မေလ ၁၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့် စကားရပ်ကို "အောက်တိုဘာလအတွင်းတွင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်း
ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မတ်လ ၇ ရက်နေ့" ဆိုသည့်စကားရပ်ကို "စက်တင်ဘာလ ၇ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၇ တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁ ရက်နေ့" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၁ ရက်နေ့"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "မေလနောက်ဆုံးပတ်" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ နောက်ဆုံးပတ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (က) တွင်ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၇**

ဇူလိုင် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

လွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့(JCC)ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက ယနေ့ ဆွေးနွေးပွဲသည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ၏ ပထမဦးဆုံး စတင်သည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ (JCC)အဖွဲ့၏ရည်ရွယ်ချက်မှာ လွှတ်တော်သည် ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်းမြင့်မားသည့် လွှတ်တော်ဖြစ်စေရေးနှင့် ဝမ်းစာရှိပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဝမ်းစာထပ်မံပြည့်ဝအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကမ္ဘာ့လက်ရှိအခြေအနေများကိုလေ့လာသုံးသပ်ပြီး လွှတ်တော်၏ အခန်းကဏ္ဍအနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲတွင် ပညာရှင်များနှင့် ကိုယ်စားလှယ်များ အပြန်အလှန် ဆွေးနွေးစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ယခုလို စွမ်းရည်မြှင့်တင်ရေးဆွေးနွေးပွဲများမှတစ်ဆင့် လွှတ်တော်၏ အကျိုးနှင့် နိုင်ငံတော်၏ အကျိုးကို ဖြစ်ထွန်းစေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ပထဝီနိုင်ငံရေးအပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်တည်မှုခေါင်းစဉ်ဖြင့် တွေးစရာ၊ မေးစရာများနှင့်အတူ လွှတ်တော်၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေါက်တာဇော်ဦးက ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး အခွင့်အလမ်း ခေါင်းစဉ်ဖြင့် မြန်မာပထဝီစီးပွားရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုလည်းကောင်း၊ နိုင်ငံတကာ အရေးရာများနှင့်ဆက်စပ်၍ ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့(JCC)ဥက္ကဋ္ဌက ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့ (JCC) ဥက္ကဋ္ဌက ဆွေးနွေးဟောပြောပေးခဲ့သည့် ပညာရှင်များကိုဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)

**မင်းခန့်**

**လေးစားအပ်ပါသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီး ခင်ဗျာ**

ဒုတိယအကြိမ်မြောက် အိတ်ဖွင့်ပေးစာတစ်စောင် ထပ်မံပေးပို့အပ်ပါတယ်။ ပထမအကြိမ်ပေးစာထဲမှာ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စဂျူလီဘစ်ရှော့ (Ms. Julie Bishop)ရဲ့ လွဲမှားနေတဲ့ လုပ်ဆောင်ချက်တွေကို ပွင့်လင်းစွာ ထောက်ပြအသိပေးခဲ့ပါတယ်။ ယခုဒုတိယအကြိမ် အိတ်ဖွင့်ပေးစာမှာတော့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ဖို့အတွက် အကြံပြုတိုက်တွန်းတဲ့စာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြပြီး နှစ်စဉ် ကုလသမဂ္ဂအထွေထွေညီလာခံ(UNGA) ကျင်းပချိန်မှာ Credentials Committee က ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်ခန့်အပ်မှုကို ဆိုင်းငံ့ထားလို့ ၂၀၂၁ ခုနှစ်ကစပြီး ကုလသမဂ္ဂစင်မြင့်မှာ မြန်မာနိုင်ငံ ကိုယ်စားပြုသူမရှိ ဖြစ်နေရပါတယ်။

ဒါပေမယ့် ကုလသမဂ္ဂရဲ့ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်းအရ အမြဲတမ်းကိုယ်စားလှယ်နေရာ အစားထိုးခန့်အပ်ခြင်းမပြုနိုင်သေးသလို ကိုယ်စားလှယ်အဟောင်းကိုဖယ်ရှားခြင်းမပြုလို့ မြန်မာနိုင်ငံရဲ့ သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းက ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမယ့် ဝါဒဖြန့်ချိမှုများကို ပြုလုပ်နေတာ မြင်တွေ့ ကြားသိနေရပါတယ်။

အမှန်စင်စစ် ကျော်မိုးထွန်းဟာ ယခင် ၅ နှစ်ကျော်က မဲလိမ်မဲခိုးမှုကြောင့် ပြုတ်ကျခဲ့တဲ့ NLD အစိုးရက ခန့်အပ်ခဲ့တဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ သူ့ကို ခန့်အပ်ခဲ့တဲ့ NLD အစိုးရဆိုတာ မြန်မာနိုင်ငံမှာ မရှိတော့လို့ သူ့အနေနဲ့ NLD ပါတီဝင်ဟောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ပြေး NUG အဖွဲ့ကို ကိုယ်စားပြုနေသူ တစ်ဦးဖြစ်ပါတယ်။

NUG အဖွဲ့ဆိုတာ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတော်အစိုးရရဲ့ ဥပဒေနဲ့အညီ သတ်မှတ်ခံထားရပြီး ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်နိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)ကို ကျင့်သုံးနေတဲ့ အကြမ်းဖက်အဖွဲ့သာ ဖြစ်ပါတယ်။ ကျော်မိုးထွန်း ကိုယ်စားပြုတဲ့ NUG အဖွဲ့ရဲ့ အကြမ်းဖက်ဝါဒပုံစံသစ်ဆိုတာ နိုင်ငံရေးနဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကို အခြေခံပြီး နိုင်ငံတစ်ခုလုံးနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်စီးသွားအောင် အစိုးရ (Government) မဟုတ်တဲ့ နိုင်ငံတော် (State) ရဲ့ ဒေါက်တိုင်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to State Servants)၊ ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့ သူတို့ကို မထောက်ခံသူ အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to Civilians or Non–combatants)၊ ဥပဒေပြင်ပ လူသတ်တရားစီရင်ခြင်း (Extrajudicial killing)၊ အများပြည်သူနဲ့ ဆိုင်တဲ့နေရာတွေကို ဗုံးခွဲတိုက်ခိုက်ခြင်း (Mass Bombing and killing)၊ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ အခြေခံအဆောက်အအုံတွေကိုဖျက်ဆီးခြင်း (Destruction of Non–military infrastructure)တွေ ဖြစ်ပါတယ်။

အဆိုးရွားဆုံးလုပ်ရပ်ကတော့ NUG အဖွဲ့က ကျင့်သုံးတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ NUG က မွေးဖွားပေးခဲ့တဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းပျက်သုဉ်းသွားစေဖို့နဲ့ ပြည်သူတွေစိတ်ဓာတ်ရေးရာ ကစဉ့်ကလျားဖြစ်သွားစေဖို့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။




ဖြုတ်ချခဲ့သည့် ၂၀၂၂ ခုနှစ် အကြမ်းဖက်မှုအညွှန်းကိန်း အစီရင်ခံစာမှတ်တမ်းပုံ။

> **"ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့နေရာ ဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ (NLD အစိုးရ)ဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်းဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက် ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်"**

ဒါကြောင့်လဲ **Global Terrorism Trends and Analysis Center** က ထုတ်ပြန်တဲ့ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုညွှန်းကိန်း(**Global Terrorism Index – GTI**) အရ မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုညွှန်းကိန်းက အမြင့်ဆုံးကို ရောက်ရှိခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလိုမြင့်တက်လာခဲ့ရခြင်းအကြောင်းရင်းကိုလည်း ၂၀၂၂ ခုနှစ် GTI အစီရင်ခံစာမှာ ဖော်ပြထားရာမှာ ၂၀၂၁ ခုနှစ် နှောင်းပိုင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှု၊ ဗုံးဖောက်ခွဲမှုတွေကြောင့် ဖြစ်ပေါ်ရကြောင်း၊ အဲဒီအကြမ်းဖက်လုပ်ရပ်တွေရဲ့ အဓိက လက်သည်တရားခံကတော့ လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက် အဖွဲ့တွေဖြစ်တဲ့ KNLA၊ KNDF နဲ့ CDF အဖွဲ့တွေအပြင် NUG က ဖွဲ့စည်းပေးထားတဲ့ အကြမ်းဖက် PDF အဖွဲ့တွေဟာ အဓိက ကျူးလွန်သူတွေဖြစ်ကြောင်း အစီရင်ခံစာ စတင်ထုတ်ပြန်စဉ်က ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီအကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရ ဖုံးကွယ်ပေးလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှုကြောင့် အစီရင်ခံစာမှာ အဲဒီဖော်ပြချက်တွေကို ပြန်လည်ဖြုတ်ချခဲ့ပေမယ့်လည်း အဲဒီတုန်းက ဖော်ပြချက်တွေကို သိမ်းဆည်းထားတဲ့မှတ်တမ်းက ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလိုညွှန်းကိန်းမှတ်တမ်းတွေဟာ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာက သတ်မှတ်တဲ့ ခိုင်လုံတဲ့သက်သေတွေ ဖြစ်ပါတယ်။

ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ NUG ၊ PDF အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မျက်ကွယ်ပြုပြီး NUG၊ PDF အကြမ်းဖက်သမားတွေကို နှိမ်နင်းနေတဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter–terrorism operations) ဆောင်ရွက်ချက်တွေကို တပ်မတော်က ပြည်သူကိုဖိနှိပ်နေတဲ့ သဘောမျိုး ဝါဒဖြန့်ချိမှုတွေကို သူတို့ကို ကိုယ်စားပြုပါတယ်ဆိုတဲ့ ဝရမ်းပြေးသစ္စာဖောက် ကျော်မိုးထွန်းက ကုလသမဂ္ဂမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုသလို ပုံစံမျိုးနဲ့ မကြာခဏပြောဆိုနေတာ ကြားသိနေရပါတယ်။

ကျော်မိုးထွန်းအနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြုတရားဝင်ပြောဆိုပိုင်ခွင့်မရှိပေမယ့် သူ့ကိုတရားဝင်ဖယ်ရှားခြင်းမပြုသေးတဲ့ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူအမြတ်ထုတ်ပြီး အလွတ်သဘောအစည်းအဝေးတွေမှာ ပြောဆိုခွင့်ရရှိနေတာကို စိတ်ပျက်ဖွယ်ရာကြားသိနေရပါတယ်။ **ကုလသမဂ္ဂစင်မြင့်ဟာ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသူတွေရဲ့ အသုံးချခံ Platform တစ်ခုဖြစ်နေပြီလား၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ပြန့်ပွားဖို့အတွက် ကုလသမဂ္ဂစင်မြင့်ကနေ ဖြန့်ဝေနေတဲ့ နည်းပေးလမ်းပြ ဖြစ်နေပြီလား** ဆိုတာ မေးခွန်းထုတ်လိုက်ချင်ပါတယ်။

**ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့နေရာ ဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ (NLD အစိုးရ)ဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်းဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက် ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။**

လတ်တလော မဖုံးနိုင် မဖိနိုင်ပေါ်ပေါက်လာတဲ့ သစ္စာဖောက် ကျော်မိုးထွန်းရဲ့ ကိုယ်ကျင့်သိက္ခာပျက်ယွင်းမှုကတော့ NLD အစိုးရလက်ထက်က နယူးယောက်မှာရှိတဲ့ မြန်မာသံရုံးအသုံးစရိတ်အတွက် Bank of America မှာ အပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာ ဒေါ်လာ ၂ ဒသမ ၆ သန်းကျော်ကို စာရင်းမရှင်းဘဲ ခိုးယူသုံးစွဲထားခြင်းပဲ ဖြစ်ပါတယ်။ အဲဒီဘဏ္ဍာငွေတွေဟာ သံရုံးဝန်ထမ်းတွေရဲ့ လစာ၊ ရုံးအသုံးစရိတ်အပြင် နှစ်စဉ်ကုလသမဂ္ဂအတွက် မြန်မာနိုင်ငံက ထည့်ဝင်ရမယ့် နှစ်စဉ်ကြေးတွေ ဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂနှစ်စဉ်ကြေး ထည့်ဝင်မှုကို ၂၀၂၀ ပြည့်နှစ်အထိ အပြည့်အဝပေးချေခဲ့ပြီး ၂၀၂၁ ခုနှစ်မှစပြီး ၂၀၂၄ ခုနှစ်အထိ နှစ်စဉ်ကြေး လုံးဝထည့်ဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။

သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းကတော့ ၂၀၂၁ ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂနှစ်စဉ်ကြေး သုံးကြိမ်သွင်းထားကြောင်းနဲ့ တစ်ကြိမ်ကိုနိုင်ငံတော်ဘတ်ဂျက်ထဲမှ သုံးသိန်းနဲ့ *စာမျက်နှာ ၇ သို့*




| | | | |
|---|---|---|---|
| 50 | Cambodia | 168,320 | 21-Apr-20 |
| 51 | Andorra | 140,266 | 24-Apr-20 |
| 52 | Albania | 224,427 | 28-Apr-20 |
| 53 | China | 336,780,502 | 1-May-20 |
| 54 | Mauritius | 308,587 | 7-May-20 |
| 55 | Republic of Moldova | 84,160 | 12-May-20 |
| 56 | Slovenia | 2,132,055 | 13-May-20 |
| 57 | Tonga | 28,053 | 26-May-20 |
| 58 | Cote d'Ivoire | 364,694 | 1-Jun-20 |
| 59 | Guyana | 56,107 | 1-Jun-20 |
| 60 | Myanmar | 280,534 | 1-Jun-20 |
| 61 | Botswana | 392,747 | 8-Jun-20 |
| 62 | Lao People's Democratic Republic | 140,266 | 9-Jun-20 |
| 63 | Saint Vincent and the Grenadines | 28,053 | 10-Jun-20 |
| 64 | Nicaragua | 140,266 | 11-Jun-20 |
| 65 | Gabon | 420,800 | 22-Jun-20 |
| 66 | Mali | 112,213 | 29-Jun-20 |

ကုလသမဂ္ဂနှစ်စဉ်ကြေးထည့်ဝင်ထားမှု အခြေပြဇယား။

*စာမျက်နှာ ၆ မှ*

ကျန်တဲ့နှစ်ကြိမ်ကို အကြမ်းဖက် NUG အဖွဲ့မှ ခြောက်သိန်းသွင်းခဲ့ကြောင်း လူမှုကွန်ရက်မှ တစ်ဆင့် ပြောကြားထားကြောင်းကြားသိရပါတယ်။ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုထားတဲ့ သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းဟာ ကုလသမဂ္ဂ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး NUG အဖွဲ့ကိုပါ လိမ်ညာပြီး ကုလသမဂ္ဂ နှစ်စဉ်ကြေးများ တောင်းခံခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

သေချာတာကတော့ Bank of America မှာ အပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာငွေ ဒေါ်လာ ၂ ဒသမ ၆ သန်း အသေးစိတ်ငွေစာရင်း မရှင်းလင်းနိုင်တဲ့ အတွက် နိုင်ငံတော်ဘဏ္ဍာငွေတွေကို ကိုယ်ကျိုး အတွက် လိမ်ညာခိုးယူသုံးစွဲထားကြောင်း ထင်ရှား ပေါ်လွင်လျက်ရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂ ဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်နေရာ မှ ဖယ်ရှားခြင်းမပြုသေးတဲ့ ကျော်မိုးထွန်းဟာ သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးအဖြစ် မြန်မာပြည်တွင်းမှာ ထင်ရှားကျော်စောလျက် ရှိနေကြောင်း သတင်းစကားပါးလိုပါတယ်။

မကြာမီကာလမှာ နှစ်စဉ်ကျင်းပမြဲ ကုလသမဂ္ဂ အထွေထွေညီလာခံ(UNGA) ကျင်းပတော့မှာဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ အစိုးရသစ်အနေနဲ့ အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ လုပ်ပိုင်ခွင့်အရ ကုလ သမဂ္ဂစင်မြင့်မှာ အပြုသဘောဆောင်တဲ့ ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်ဖို့ စိတ်အားတက်ကြွ လျက်ရှိပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အခန်း(၁)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ(၁)မှာ အတိအလင်း ပြဋ္ဌာန်းထားတဲ့ နိုင်ငံတိုင်းသည် အချုပ်အခြာ အာဏာပိုင်ဆိုင်သောနိုင်ငံ၏ အခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်နဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စများတွင် အခြားနိုင်ငံများ သို့မဟုတ် ကုလသမဂ္ဂကိုယ်တိုင် ဝင်ရောက်စွက်ဖက် ခြင်းမပြုရဆိုတဲ့အချက်ကို မြန်မာနိုင်ငံအနေနဲ့ တန်ဖိုးထားလေးစား လိုက်နာလျက်ရှိပါတယ်။

၂၀၂၁ ခုနှစ်ကစတင်ပြီး ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ကို တရားဝင် ခန့်ခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံ သားတွေအတွက် များစွာနစ်နာဆုံးရှုံးလျက်ရှိပါ တယ်။ အဲဒီဆုံးရှုံးနေရခြင်းရဲ့အကြောင်းတရားက လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲလိမ်မဲခိုးမှု အရှုပ်တော်ပုံကြောင့် ၂၀၂၁ ခုနှစ်က ဖြစ်ပေါ် ခဲ့တဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကို အကြောင်းခံခြင်းလို့ ထင်မြင်မိပါတယ်။

အမှန်စင်စစ် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်း အလဲဟာ တပ်မတော်က အာဏာသိမ်းခဲ့ခြင်း မဟုတ်ဘဲ အဲဒီအချိန်က အာဏာရပါတီရဲ့ အစွန်း ရောက်နိုင်ငံရေးသမားတွေက နိုင်ငံတော်အာဏာကို မဲလိမ်မဲခိုးပြီး အတင်းအဓမ္မရယူဖို့ ကြိုးပမ်းခဲ့ခြင်း ကြောင့် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ တပ်မတော်က နိုင်ငံ့တာဝန်ကို ခေတ္တထိန်းသိမ်းထားခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံရေး အရ ဖြစ်ပေါ်ခဲ့တဲ့ပြဿနာကို လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်နဲ့ နိုင်ငံတော်အာဏာကို ရယူဖို့ ကြိုးစားခဲ့ကြတဲ့ နိုင်ငံရေးသမားအချို့ရဲ့ လွဲမှားမှုကြောင့် နိုင်ငံအတွင်း အချို့ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေ များစွာဆုံးရှုံးနစ်နာခဲ့ရပါ တယ်။ နိုင်ငံ့တာဝန်ကို ခေတ္တရယူထိန်းသိမ်းခဲ့တဲ့ တပ်မတော်အနေနဲ့ သူ့ရဲ့ ပင်မတာဝန်ဖြစ်တဲ့ ဒွိတာဝန်အရေးသုံးကို ထိန်းသိမ်းဖို့ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ရသလို ပြည်သူတွေလိုလားတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ရှင်သန်ရေး လွတ်လပ်ပွင့်လင်းပြီး သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲကြီးကို အပိုင်းသုံး ပိုင်းခွဲပြီး အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။

ငြင်းလို့မရတဲ့ မဲလိမ်မဲခိုးမှုကြောင့် ဖြစ်ပေါ်ခဲ့ ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကနေ ဖြစ်ပေါ်ခဲ့တဲ့ တပ်မတော်အစိုးရဟာ ၂၀၂၅–၂၀၂၆ ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာပြီး လုံးဝ မဲလိမ်မဲခိုးလို့မရအောင် စီစဉ်ပြုလုပ်ခဲ့ပြီး နိုင်ငံ တကာ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ ရှေ့မှောက်မှာ မှတ်ကျောက်တင်ခံနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဲဒီရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးအနှံ့ ပါတီပေါင်း ၅၇ ပါတီ ကိုယ်စားလှယ်ပေါင်း ၄၉၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယခင်ဒီမိုကရေစီ အစိုးရလက်ထက်ကတည်းက ဖွဲ့စည်းခဲ့ကြတဲ့ ပါတီ ၄၀ ပါဝင်ခဲ့ပါတယ်။ NLD ပါတီက သူတို့ရဲ့ဆန္ဒနဲ့ မှတ်ပုံမတင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိတာ ဖြစ်ပါတယ်။ NLD ပါတီမပါဝင်လို့ ရွေးကောက်ပွဲ ဟာ အတုအယောင်ဖြစ်တယ်လို့ ဝါဒဖြန့်ချိမှုများ ဟာ ယုတ္တိကင်းမဲ့သလို ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီများနဲ့ မဲပေးခဲ့ကြတဲ့ ပြည်သူ ၁၃ သန်းကျော် ကို မထီမဲ့မြင်ပြုခြင်းသာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲ နှောင့်ယှက်ဖျက်ဆီးလိုသူတွေရဲ့ အကြမ်းဖက် ခြိမ်းခြောက်မှုများကြားထဲက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၂ သန်းကျော် အနက် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ပြည်သူ( ၁၃ ဒသမ ၁၂) သန်းက လွှတ်တော်အသီးသီးက ကိုယ်စားလှယ်များကို မဲပေးရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် ယခုလက်ရှိ နိုင်ငံ့တာဝန်ယူထားတဲ့ မြန်မာနိုင်ငံအစိုးရသစ်ဟာ ပြည်သူအများ ရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီနည်းလမ်းကျကျ၊ တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ခံ အစိုးရစစ်စစ် ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရွေးကောက်ခံအစိုးရသစ်ကို ထောက်ခံအားပေးအသိအမှတ်ပြုကြတဲ့ နိုင်ငံပေါင်း များစွာရှိနေသလို ရွေးကောက်ခံအစိုးရသစ်အနေနဲ့ လည်း နိုင်ငံတကာဆက်ဆံရေးအပါအဝင် ဒေသ တွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အိမ်နီးချင်းအင်အားကြီး နိုင်ငံကြီးတွေ အပါအဝင် မိတ်ဆွေနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက် မှုတွေ အရှိန်အဟုန်နဲ့ လုပ်ဆောင်လျက်ရှိနေပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်နေရာကို တရားဝင်ခန့်အပ်မထား သေးပေမယ့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ဆိုင်ရာအဖွဲ့အစည်း အသီးသီးက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေကို မြန်မာအစိုးရက လက်ခံထားပြီး ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို တာဝန် သိမှုနဲ့ လိုက်ပါဆောင်ရွက်နေပါတယ်။ ဒီလို လုပ်ဆောင်နိုင်ဖို့အတွက်လည်း ဇွန်လ ၂၆ ရက် နေ့က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံရှိ ကုလ သမဂ္ဂအေဂျင်စီတွေက ကိုယ်စားလှယ်တွေကို နေပြည်တော်မှာတွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်း ရေးဖြစ်ပေါ်တိုးတက်မှုတွေ၊ နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်တွေနဲ့ နိုင်ငံတကာအသိုက်အဝန်း အနေနဲ့ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိတဲ့ ကြားနေမှုဝါဒနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလို ကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်ရဲ့ကိုယ်စားလှယ် မစ္စဂျူလီဘစ်ရှော့လို ကုလ သမဂ္ဂ အရေးခြုံပြီး လက်ရှိအစိုးရကို ဆန့်ကျင်နေ သူတွေရဲ့ ဝါဒဖြန့်မှုတွေကို ထပ်ဆင့်ဖြန့်ဝေမှုမျိုး မလုပ်ကြပါဖို့နဲ့ မြန်မာနိုင်ငံအတွက် ကြုံကြုံခံနိုင် ရည်ရှိတဲ့ စီးပွားရေးနဲ့ ပြည်သူတွေအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အကူအညီတွေပေးအပ် ဖို့ ပြောကြားခဲ့ကြောင်း ကြားသိရပါတယ်။

**အဆွေတော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီး ခင်ဗျား**

လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရသစ် လက်ထက်မှာ မြန်မာနိုင်ငံဟာ တာဝန်ခံမှု၊ တာဝန် သိမှုနဲ့အတူ ကုလသမဂ္ဂနဲ့ ဘက်စုံပူးပေါင်း ဆောင်ရွက်မှုတွေကို တိုးမြှင့်လုပ်ဆောင်သွားဖို့ စိတ်ဆန္ဒအပြည့်ရှိနေတယ်လို့ သိရှိရပါတယ်။ မြန်မာပြည်သူတွေကိုယ်စား ဒီအချက်ကို အပြည့် အဝ ထောက်ခံပါကြောင်းလည်း ထပ်လောင်း ပြောကြားလိုပါတယ်။

ကုလသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာ အားကောင်းစေရေးအတွက် မဆုတ်မနစ် ကြိုးပမ်းမှု တွေကို အသိအမှတ်ပြုချိန်တန်နေပြီဖြစ်ကြောင်း တိုက်တွန်းအသိပေးလိုပါတယ်။ **မြန်မာအစိုးရ အသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်မှာ မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာ ဖြစ်ပါ တယ်။**

**သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုး တစ်ဦး ကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထား ခြင်းမပြုပေမယ့် ကုလသမဂ္ဂမှဖယ်ရှားခြင်း မပြု သေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေနဲ့ မြန်မာ နိုင်ငံ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက် ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်း ရေးကို လိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြား လိုပါတယ်။** တစ်ဆက်တည်းမှာပဲ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့ နိုင်ငံတကာရေးရာတွေမှာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိပြည်သူ တွေရဲ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ မြန်မာအစိုးရသစ်က ခန့်အပ်လိုတဲ့ ကုလသမဂ္ဂ ဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးကိုလည်း အမြန်ဆုံး ပြန်လည်ခန့်အပ် ပေးနိုင်ဖို့ တောင်းဆိုအပ်ပါတယ်။

ကုလသမဂ္ဂရဲ့ ပဋိညာဉ်နဲ့အညီ အချုပ်အခြာ အာဏာပိုင်နိုင်ငံတိုင်းအတွက် အဲဒီနိုင်ငံရဲ့ အခွင့် အရေးကိုလေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်း တန်းတူညီမျှ အခွင့်အရေးရရှိအောင် လုပ်ဆောင်ပေးနိုင်ပါက ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာ ပိုမိုတိုးတက်လာမယ်လို့ ယုံကြည်ပါကြောင်း အိတ်ဖွင့်ပေးစာနဲ့ ရေးသားပေးပို့အပ်ပါတယ်။ ။




မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ။

- **မြန်မာအစိုးရအသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်မှာ မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာ ဖြစ်ပါတယ်**
- **သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထားခြင်းမပြုပေမယ့် ကုလသမဂ္ဂမှဖယ်ရှားခြင်း မပြုသေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေနဲ့ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြားလိုပါတယ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သော အချက်များနှင့်စပ်လျဉ်းသည့် သဝဏ်လွှာအား လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးပဉ္စမနေ့တွင် လွှတ်တော်သို့အသိပေး တင်ပြခဲ့ပြီးဖြစ်သည့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development-JCC)တွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေနှင့် ၎င်းတို့၏ အမည်စာရင်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ ကလေးမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **“အာဆီယံထုတ်ပြန်ချက်(၅) ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်”** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်က ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပသည့် အစည်းအဝေးတွင် အာဆီယံအနေဖြင့် မြန်မာ့အရေးကို အဖွဲ့ဝင်နိုင်ငံများအား ကြိုတင်ချပြညှိနှိုင်းခြင်းမပြုဘဲ အစည်းအဝေးပြီးမှသာ ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲအဖြစ် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ဆိုပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် မရိုးသားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်မပြုအောင်၊ အရေးယူပိတ်ဆို့မှုများဖြစ်အောင် အာဆီယံက UN အစည်းအဝေးတွင် ဖိအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုများကြောင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ ဘုံသဘောတူညီချက်များကို လိုက်နာမှု စသည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ ဆောင်ရွက်ခဲ့သည်ကို ဝမ်းနည်းဖွယ် တွေ့ကြုံခဲ့ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ချက်များကြောင့် အစိုးရကိုဆန့်ကျင်သည့် အဖွဲ့များအတွက် မျှော်လင့်ချက်ဖြစ်စေပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတွင်း၌ အကြမ်းဖက်မှု၊ ဆူပူမှုများ ပိုမိုကြီးထွားလာပြီး ပိုမိုပျက်စီးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ စီးပွားရေး၊ စစ်ရေး၊ အန္တရာယ်အများဆုံးနှင့် နိုင်ငံ၏ရေစီးကြောင်း အကြမ်းဆုံးအချိန်၊ လှိုင်းကြီးလေထန် ရေစီးသန်လည်း အားမာန်မလျှော့ ဖွဲမလျှော့ဘဲ အသိသတိကြီးမားစွာနှင့် နိုင်ငံကို ပြိုလဲမသွားအောင် နိုင်ငံ့အကြီးအကဲများ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် နိုင်ငံတော်၏ ခက်မသုံးဖြာ အာဏာကြီးသုံးရပ်ကို ပိုင်းခြားကျင့်သုံး၍ စီမံအုပ်ချုပ်နေကြပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်မာလာဆန်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးသက်သက်မဟုတ်ဘဲ ဒေသတွင်းတည်ငြိမ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ဒုက္ခသည်ပြဿနာ




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

(စစ်ဘေးရှောင်များ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မှု)နှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို ရိုက်ခတ်လာသည်ဟုဆိုကာ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကိုချမှတ်ပြီး ပြည်တွင်းရေးတွင် ကြားဝင်ကိုင်တွယ်စွက်ဖက်သည့်ပုံစံမျိုး ကျော်လွန်ကာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံပဋိညာဉ်စာချုပ် အခန်း(၇) ပုဒ်မ(၂၀) (က) အာဆီယံ၏အခြေခံလုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်အားလုံးကို အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံလုံး၏ “တူညီဆန္ဒ (Consensus)” ဖြင့်သာ ချမှတ်ရမည်ဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသော်လည်း အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစိုးရကို လေးစားမှုရှိရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်နှောင့်ယှက်နေမှုများအပေါ် ပြန်လည်သုံးသပ်ပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုအား `လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များ၊ နိုင်ငံတော်၏ ဥပဒေကြောင်းအရ ရပ်တည်ချက်များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပြင်ပဖိအားများအပေါ်အခြေခံကာ ချမှတ်ခဲ့ခြင်းမျိုးဖြစ်နေသည်ကို စိတ်မကောင်းစရာ တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများ အပိုဒ်(၂) အပိုဒ်ခွဲ (၁) ၌ “ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအရာ၌ တူညီကြသည်ဟူသော မူပေါ်တွင်အခြေခံ၍” ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၇)တွင်လည်း “နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အာဏာအတွင်း၌ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိစေရ” ဟု ဖော်ပြထားချက်များနှင့်လည်း ကိုက်ညီမှုမရှိ ကျော်လွန်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁)တွင် ပြဋ္ဌာန်းထားသည့် “မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံဖြစ်သည်”၊ “ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်” ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်ရမည် ဖြစ်ပါကြောင်း။

မြန်မာ့အရေးကို မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံအစိုးရကသာ ဦးဆောင်ဖြေရှင်းမည်ဟူသော ရပ်တည်ချက်အား အာဆီယံမှ သိရှိနိုင်စေရေးကို ရည်ရွယ်လျက် အဆိုအား လေးနက်စွာထောက်ခံဆွေးနွေးသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းက အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်စဉ်ကတည်းက အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်း၊ ပြည်တွင်းရေးကို မစွက်ဖက်ခြင်း၊ တန်းတူညီမျှမှုနှင့် တူညီဆန္ဒအခြေခံဆုံးဖြတ်ခြင်းတို့ကို အာဆီယံအဖွဲ့၏ မူလအခြေခံစံနှုန်းများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံ၏ အခြေခံမူများနှင့် တန်းတူညီမျှမှုသည် အဖွဲ့ဝင်နိုင်ငံအားလုံးကို အချုပ်အခြာအာဏာ တန်းတူညီမျှသော နိုင်ငံများအဖြစ် အသိအမှတ်ပြုပြီး တန်းတူအခွင့်အရေးနှင့် တန်းတူတာဝန်များကို အာမခံထားသော မူလအခြေခံစံနှုန်းများပင် ဖြစ်ပါကြောင်း၊ သို့ရာတွင် အာဆီယံ ASEAN Five-Point Statement သည် မြန်မာနိုင်ငံအတွက် သီးခြားသတ်မှတ်ထားသော နိုင်ငံရေးဆိုင်ရာလုပ်ဆောင်ချက်များကို အလေးပေးထားခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များအပေါ် အာဆီယံက တိုက်ရိုက်သက်ရောက်စေရန် ကြိုးပမ်းသည့်သဘောဆောင်လာပါကြောင်း၊ ယခုအချက်သည် အာဆီယံပဋိညာဉ်အပိုင်း (၂) တွင် ဖော်ပြထားသည့် ပြည်တွင်းရေးမစွက်ဖက်မှုမူနှင့် တန်းတူညီမျှမှုမူတို့အပေါ် မေးခွန်းထုတ်စရာ ဖြစ်လာစေပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေသည် ၂၀၂၁ ခုနှစ်ကာလနှင့် အခြေအနေချင်း များစွာကွာခြားလျက်ရှိသည်ဟူသော မြေပြင်ပကတိစိစစ်ချက်ကို အာဆီယံက သိမြင်လက်ခံရန် တိုက်တွန်းလိုပါကြောင်း။ မြန်မာနိုင်ငံအစိုးရနှင့် လွှတ်တော်သည် မြန်မာပြည်သူတို့၏ ဆန္ဒအရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေမှန် ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးပါဝင်မှုကို အပြုသဘောဖြင့် အသိအမှတ်ပြု၍ လေးစားတန်ဖိုးထားရန်လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀)ဦးသန်းအေး(ခ)ဦးတင်ဦးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်အား မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာဆောင်ရွက်စေရန် ဖိအားပေးအကျပ်ကိုင်သည့်အနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံပါလီမန်များဆိုင်ရာညီလာခံများ စသည့်အရေးပါသည့် အစည်းအဝေးကြီးများကို တက်ရောက်ခွင့်မပြုဘဲ ပိတ်ပင်ကန့်သတ်ခွဲခြားဆက်ဆံလာခဲ့သည်မှာ ယနေ့အထိဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူများရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးအသွင်ပြောင်းနိုင်မှုကို အသိအမှတ်ပြု ကြိုဆိုလက်ခံလာသော်လည်း အာဆီယံအဖွဲ့အနေဖြင့် ယနေ့အထိ မြန်မာနိုင်ငံအပေါ် ရှုမြင်ပုံနှင့် ရပ်တည်ချက်များသည် တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိသေးသည်ကို စိတ်မကောင်းဖွယ် တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယခုကဲ့သို့ပြောဆိုလုပ်ကိုင်မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေးအရွေ့အပြောင်းကိုမျက်ကွယ်ပြုပြီး ရွေးကောက်ပွဲကိုသာမက ရွေးကောက်ပွဲအရ ပေါ်ပေါက်လာသည့် လွှတ်တော်အသီးသီးနှင့် လွှတ်တော်က ရွေးချယ်တာဝန်ပေးလိုက်သည့် နိုင်ငံတော်အစိုးရကိုပါ ဂုဏ်သိက္ခာမဲ့စွာပြောဆိုကြခြင်း ဖြစ်ပါကြောင်း။

ယင်းသည် အာဆီယံ၏ အခြေခံမူဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ်စာချုပ်တွင်ပါသည့် “နိုင်ငံရဲ့ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံရဲ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှု၊ ညီမျှမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို လေးစားရေးအခြေခံမူ” များကို ဖောက်ဖျက်နေခြင်း ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အလုပ်မဖြစ်တော့သည့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကိုစွန့်လွှတ်ပြီး မြန်မာနိုင်ငံ၏ပကတိဖြစ်ပေါ်ပြောင်းလဲမှုကို အမြင်သစ်နှင့် ထိတွေ့ချဉ်းကပ်မှုအသစ်များကို ပြောင်းလဲကျင့်သုံးချိန်တန်ပြီဟု အကြံပြုတိုက်တွန်းလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က အာဆီယံဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အစဉ်အလာကောင်းများချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအပေါ် စည်းလုံးညီညွတ်မှုတစ္စာ ဆောင်ရွက်နိုင်သည့် ကမ္ဘာက လေးစားရသော အဖွဲ့အစည်းဖြစ်ရမည် ဖြစ်ကြောင်း၊ သို့သော်လည်း အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေး အစည်းအဝေးတက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးခြင်းများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ ဂုဏ်သိက္ခာကို စော်ကားနှိမ့်ချခြင်းသာ ဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကိုဖြေရှင်း၍ ငြိမ်းချမ်းရေးရစေရန်ဆိုသော ကောင်းမွန်သည့် အကြံပြုချက်ဟု သာမန်အားဖြင့်ယူဆနိုင်သော်လည်း နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားမှု၊ နိုင်ငံတိုင်းအား ပြည်ပမှစွက်ဖက်မှု၊ အဖျက်အမှောင့်ပြုမှုနှင့် အကျပ်ကိုင်ဖိအားပေးမှုများကင်းလျက် မိမိနိုင်ငံ၏ ဖြစ်တည်မှုကိုဦးဆောင်ခွင့်ရှိမှု၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့်အချက်များနှင့် မကိုက်ညီဘဲ အာဆီယံ၏ အခြေခံမူများနှင့်လည်း သွေဖည်နေသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကိုထောက်ခံဆွေးနွေးသည်။

မော်လမြိုင် မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်ချပြခြင်းမရှိဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ကြေညာချက်နောက်ဆက်တွဲတွင် ဖော်ပြခဲ့ခြင်းဖြစ်သောကြောင့် တန်းတူညီမျှမှုရှိသည့် ဘုံသဘောတူညီချက်ဖြစ်နိုင်မှု ရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းလာပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅) ရပ်တွင် အချက်(၃) နှင့် (၅) သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေနိုင်ပါကြောင်း၊ ပြည်တွင်းအရေးကို ပြည်တွင်းမှာသာ ဖြေရှင်းခြင်းသည် သဘာဝကျပါကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဟူသောမူနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ ပကတိ အခြေအနေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တာချီလိတ် မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်က အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် ယခုအခါ ပြည်သူလူထု ရွေးချယ်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရ ဦးဆောင်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေများနှင့် များစွာကွဲလွဲနေပြီး အာဆီယံနိုင်ငံများ လိုက်နာရန်သဘောတူထားသည့် အာဆီယံပဋိညာဉ်စာတမ်းနှင့်လည်း ဆန့်ကျင်နေသည်များကို တွေ့ရှိရပါကြောင်း။

လက်ရှိတွင် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံအတွက် မလိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အာဆီယံက ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ပြီး တစ်ဖက်သတ်ချမှတ်ထားသည့် အာဆီယံထုတ်ပြန်ချက် ၅ ရပ်သည် မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့်လည်း လက်တွေ့ဆန်ဆန် ကိုက်ညီမှုမရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က အာဆီယံထုတ်ပြန်ချက်(၅) ရပ်အပေါ် တုံ့ပြန်မှု ပကတိအရှိတရား(၅)ချက်အနေဖြင့် အာဆီယံ၏ ထုတ်ပြန်ချက်(၅)ရပ်သည် အဖွဲ့ဝင်နိုင်ငံများ၏ အမှန်တကယ်ဘုံသဘောတူညီချက် (Consensus) မဟုတ်ဘဲ အလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆက်တွဲထုတ်ပြန်ချက် (Statement)သာဖြစ်ပြီး ယင်းသို့ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ ဖိအားများပေးခြင်းတို့သည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ သဘောတူညီချက်များနှင့် သွေဖည်နေခြင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး သမိုင်းစဉ်တစ်လျှောက်လုံးတွင် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေခဲ့ခြင်းမရှိဘဲ စေတနာမှန်ဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင် (Mile Stones) အစဉ်အလာကောင်းများဖြင့် ဂုဏ်သိက္ခာရှိစွာ ရှေ့ဆက်ကြိုးပမ်းနေခြင်း။

အချို့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်များအပေါ် သေချာစွာနားလည်ရန် လိုအပ်နေပြီး နိုင်ငံကြီးအချို့၏ အားပြိုင်စမ်းသပ်ပွဲတွင် အသုံးချခံဖြစ်ရာမှ အာဆီယံဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အကျိုးစီးပွားများအပေါ် မထိခိုက်စေလိုခြင်း။

မြန်မာနိုင်ငံ၌ လက်ရှိကာလတွင် ဒီမိုကရေစီနှင့်အညီ လွှတ်တော်နှင့်အစိုးရတို့ပေါ်ထွန်းလာပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲတိုးတက်လာနေပြီဖြစ်၍ အာဆီယံ၏ထုတ်ပြန်ချက်(၅)ရပ်သည် ပကတိအရှိတရားနှင့်ကိုက်ညီမှုမရှိခြင်း။

စည်းလုံးညီညွတ်ပြီး ဘက်စုံတိုးတက်မည့် အာဆီယံအသိုက်အဝန်း ဖြစ်ထွန်းတည့်တံ့နိုင်ရေးတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စီးပွားရေး၏အရေးပါမှုအလားအလာများအပေါ် အလေးထား၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမှသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများ ဆက်လက်ဖြစ်ထွန်းနေစေရေးတို့အတွက် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံကာ အနာဂတ်အား မဟာဗျူဟာအမြင်ဖြင့် ဆက်စပ်တွေးခေါ်မြော်မြင်ပြီး အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဆိုသည့် မူဝါဒသည် အခြားနိုင်ငံများ၏မဟုတ်မမှန် အနိုင်ကျင့်စွပ်စွဲမှုများကို ခေါင်းငုံ့ခံရမည်ဟုမဆိုလိုပါကြောင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့လည်း ထိုမူဝါဒရှိပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံကို ထိပါးလာပါက ၎င်းတို့၏ MOFA ဝန်ကြီး (သို့) သံအမတ်ကြီးတစ်ဦးဦးက နိုင်ငံတကာမီဒီယာများတွင် ချက်ချင်းတုံ့ပြန်ချေပကြကြောင်း၊ မိမိနိုင်ငံကို ချစ်သည်ဆိုသည်မှာ မိမိနိုင်ငံအား မဟုတ်မမှန်၊ အနိုင်ကျင့်ပြောဆိုလာခြင်းကို ခေါင်းငုံ့မခံဘဲ ချက်ချင်းတုံ့ပြန်ခြင်းပင် ဖြစ်ပါကြောင်း၊ “တိတ်တိတ်နေ ထောင်တန်သည်” ဟုယူဆထားသော အတွေးအခေါ်မှ ပိုမိုအားမနာတတ်သော သတ္တိရှိရှိ Proactive(ထိုးစစ်) လုပ်ရမည်ဟူသော ခံယူချက်သို့ ပြောင်းလဲရမည်ဖြစ်ပါကြောင်း။

“ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ” ဖြစ်စေရန်၊ မြန်မာပြည်အနေဖြင့်လည်း ASEAN အပေါ် အစပျိုးမှု၊ တက်ကြွမှုရှိကြောင်းပြနိုင်ရန်၊ ASEAN ကိုလည်း လှေကားလှလှဖြင့် သာသာယာယာဆင်းနိုင်စေရန်၊ နိုင်ငံတော်နှင့်လွှတ်တော်တို့ ပူးပေါင်းကာ ASEAN Five–Point Statement Special Committee ကိုဖွဲ့စည်းပြီး ASEAN Direct Engage–ment ကို လာမည့် ငါးလအတွင်း အကောင်အထည်ဖော်သင့်ပါကြောင်း။

မြန်မာနိုင်ငံသမ္မတကြီး အိန္ဒိယ၊ တရုတ်ခရီးစဉ်များ အောင်မြင်စွာပြီးဆုံးပြီး NewYork Times, Investigate Asia စသည်တို့အပါအဝင် အနောက်နိုင်ငံ Media များမှ Anti–Govt, Anti–Myanmar Media Campaign များစတင်ပြုလုပ်လာပြီကို သတိရှိစေလိုပါကြောင်း၊ ပြည်တွင်းမီဒီယာများတွင်သာ ပြောနေ၍မရပါကြောင်း၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိနိုင်ငံကို ချစ်စိတ်အပြည့်ဖြင့် နိုင်ငံတကာ မီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရဲရဲဝံ့ဝံ့ တက်တက်ကြွကြွ ထိထိမိမိ စတင်တုံ့ပြန်ကြရန်လိုအပ်ပါကြောင်းအဆိုအား ထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမိုက အာဆီယံပဋိညာဉ်စာတမ်းတွင် အဓိကအသက်သွေးကြောအဖြစ်ပါဝင်ခဲ့သည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ဖြစ်သည့် မြန်မာနိုင်ငံအရေး အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မိမိတို့နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျော်လွန်စွက်ဖက်ရန် ကြိုးပမ်းလာသည့်အပြင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုကိုပါ တိုက်ရိုက်ထိခိုက်စေသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ထိန်းညှိတုံ့ပြန်ရမည့်အချိန် ကျရောက်ပြီဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ငြင်းဆန်ရခြင်းမှာ စိတ်လိုက်မာန်ပါတုံ့ပြန်ခြင်းမဟုတ်ဘဲ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါကြောင်း၊ ပထမအချက်အနေနှင့် ပဋိညာဉ်စာတမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(က) တွင် အာဆီယံသည်အဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာတန်းတူညီမျှမှုကို လေးစားရမည်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(င) တွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟုလည်းကောင်း ဖော်ပြထားသော်လည်း ယခု မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံအုတ်မြစ်ကိုတိုက်ရိုက် ချိုးဖောက်နေခြင်းသာဖြစ်ပါကြောင်း၊ မိမိတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း နိုင်ငံတော်၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာကို အထိအခိုက်ခံမည်မဟုတ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် အာဆီယံကို စတင်ဝင်ရောက်ခဲ့ချိန်မှစ၍ ယနေ့အထိ အာဆီယံ၏ရည်ရွယ်ချက်၊ ပဋိညာဉ်စာတမ်း၊ အခြေခံမူများကို အစဉ်လေးစားလိုက်နာပြီး အာဆီယံ၏လုပ်ငန်းအားလုံးတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် (၅) ရပ် ထုတ်ပြန်ပြီးနောက် အာဆီယံသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာမှ ၂၀၂၆ ခုနှစ်၊ မေလအထိပြုလုပ်သော အာဆီယံအစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များ၊ ဝန်ကြီးအဆင့်များကို ဖိတ်ကြားခြင်းမပြုဘဲ နိုင်ငံရေးမဟုတ်သော ကိုယ်စားလှယ်ကိုသာ တက်ရောက်ခွင့်ပြုခဲ့သည်မှာ အာဆီယံပဋိညာဉ်ပါ အခြေခံမူဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ တန်းတူအခွင့်အရေးကို ထိခိုက်စေပါကြောင်း၊ အာဆီယံအဖွဲ့၏ ခွဲခြားဆက်ဆံမှုကို နိုင်ငံတော်အစိုးရက လက်မခံသကဲ့သို့ ပြည်သူအားလုံးကလည်း လက်မခံပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သော လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ တရားဝင်လွှတ်တော်များနှင့် ရွေးကောက်ခံအစိုးရသစ်တစ်ရပ်ဖြစ်ပေါ်နေပြီ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ပြန်လည်သုံးသပ်ပြီး တန်းတူညီမျှစွာ ချစ်ကြည်ရင်းနှီးမှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းလုပ်ကိုင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့်သာ ဒေသအတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် –

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



**ကျိုင်းတုံမြို့၌ ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်**

**ကျိုင်းတုံ ဇူလိုင် ၇**

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်ပေါင်ကျေးရွာရှိ ငါးမွေးတောင်သူများနှင့် ငါးမွေးမြူရေးစိတ်ပါဝင်စားသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်းကို ဦးစိုင်းနွံ၏ ငါးမွေးမြူရေးကန်၌ ဇူလိုင် ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကျိုင်းတုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး သင်တန်း၌ ငါးမွေးတောင်သူများကိုယ်တိုင် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်းနည်းပညာများ သိရှိနားလည်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကာ ငါးမွေးတောင်သူများနှင့် ငါးမွေးမြူရေးစိတ်ပါဝင်စားသူ ၂၀ အား စာတွေ့လက်တွေ့ နှစ်ရက်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲတက်ရောက်




**ရန်ကုန် ဇူလိုင် ၇**

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ညှော်ခံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ညှော်ခံပွဲတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

---

# ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၇**

ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဟင်္သာတမြို့ရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ယနေ့အထိ သင်တန်း ၁၀၇ ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဦးစီးဌာနမှ ဝန်ထမ်း ၁၇၇၅ ဦး၊ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်း ၂၀၃၆ ဦးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ ၇၆၀ စုစုပေါင်း ၄၅၇၁ ဦးကို သင်ကြားပို့ချနိုင်ခဲ့ကြောင်း၊ အဆိုပါသင်ရိုးညွှန်းတမ်းများကို လက်တွေ့ကျကျ ပိုမိုအသုံးချနိုင်ရန် ပြင်ဆင်ဖြည့်စွက်သုံးသပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးပွဲအစီအစဉ်အတိုင်း ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်နှင့် ၈ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---




# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၈) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့၏ (၄၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူးက ပိုးသတ်ဆေးနည်းပညာကော်မတီ၏ စိစစ်ထောက်ခံချက်ဖြင့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလွှာများကို တင်ပြရာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၈)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၇၉ မျိုးကို အတည်ပြုပေးနိုင်ရေးစိစစ်ဆွေးနွေးကြပြီး (၄၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပပြီးစီးသည့်အချိန်အထိ ပိုးသတ်ဆေးစုစုပေါင်း ၄၆၇၀ ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးဆိုင်ရာ စံသတ်မှတ်ချက်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်းအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် စားသုံးသူများဘေးအန္တရာယ်ကင်းစင်ရေးအတွက် ထိန်းကျောင်းကြပ်မတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် ၂၀၂၂ ခုနှစ်မှစတင်၍ (Myanmar Agricultural Import Registration System (MAIRS)) Online System စနစ်ဖြင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## မုတ်သုံလေအားအသင့်အတင့်မှ အားကောင်း

**နေပြည်တော် ဇူလိုင် ၇** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

---

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment) အစီအစဉ်များ ကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အ ထ က (၁)နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ အ ထ က (၉) တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၁၄ ဦးတို့ကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့သည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မိုင်းရယ်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**မိုင်းရယ် ဇူလိုင် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



**မိုင်းရယ်(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန စိုက်ပြီးသစ်ပင်များရှင်သန်ရေး ဆက်လက်ပြုစုမည်

**နေပြည်တော် ဇူလိုင် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဧရိယာအတွင်း ကျင်းပသည်။

### ကြည့်ရှုအားပေး

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အဖွင့်အမှာစကားပြောကြား၍ မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စုစုပေါင်း ၁၆၀ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ၊ ပန်းအလှပင်နှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန



အနေဖြင့် ယနေ့တွင် သစ်ပင်ပေါင်း ၆၄၁၉ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်း ပြုစုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့များတွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ်နိုင်ပြီ

**နေပြည်တော် ဇူလိုင် ၇**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လုပ်ငန်း ကော်မတီဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား ဒုတိယဝန်ကြီးနှင့်အဖွဲ့က မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသောကြောင့် ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျင်မြန်စွာ တိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပါက အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့များတွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး အရာထမ်း၊ အမှုထမ်း ၃၄၄၃ ဦးဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ အခြေခံပညာကျောင်း ၂၇၉ ကျောင်း ဖွင့်လှစ်နိုင်ပြီး ဆရာ ဆရာမ ၁၂၃၄ ဦးဖြင့် ကျောင်းသားကျောင်းသူ ၁၇၆၅၁ ဦးအား ပညာသင်ကြားပေးနေပြီ ဖြစ်သကဲ့သို့ ပြည်သူ့ဆေးရုံများ ဖွင့်လှစ်ပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၇၈ ဦးဖြင့် လူနာပေါင်း ၁၃၀၉၈ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ကြောင်း၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်း ရောက်ရှိနေပြီဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်များလည်း ပုံမှန်လည်ပတ်လျက်ရှိကြောင်း၊ စည်ပင်သာယာဈေးများနှင့် အိမ်ဆိုင်များလည်း ပုံမှန်ဖွင့်လှစ် ရောင်းချလျက်ရှိပြီး သောက်သုံးရေအတွက် ရေထွက်ပင်ရင်းများမှ သွယ်ယူပြီး ဖြန့်ဝေပေးလျက်ရှိကာ တီးတိန်မြို့အား အသေးစား ရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ရှိ ပြည်သူ့ဆေးရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အတွက် ဆိုလာစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်သွယ်ရေးအနေဖြင့် တီးတိန်မြို့နယ်တွင် MEC, MPT တယ်လီဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုနိုင်ပြီး တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့တွင် MPT တယ်လီဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖလမ်းမြို့နယ်တွင် MEC တယ်လီဖုန်းလိုင်း အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဆူရ်ဘုန်လေဆိပ် ပြန်လည်ဖွင့်လှစ်နိုင်ပါက ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် သွားလာရေး အဆင်ပြေနိုင်မည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက်တက်ရောက်လာကြသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကလေး- ဖလမ်း- ဟားခါးလမ်း၊ သိုင်းငင်း - တီးတိန်လမ်း လမ်းပိုင်းအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာအောင်မြေ၌ ပြည်သူ့စစ်မှုထမ်းများ အိမ်အပြန် ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်၌ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁) နှင့် (၂) မှ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသောနိုင်ငံ့သားကောင်းများအား ဂုဏ်ပြုဆုငွေနှင့် ဆန်၊ ဆီများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဇူလိုင် ၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund- UNFPA) ၏ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ရွှေ့လျားဆေးခန်းများ၊ ကိုယ်ဝန်ဆောင်နှင့် မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများ၊ အရေးပေါ် ဆေးကုသစရိတ်ထောက်ပံ့ပေးခြင်း၊ မွေးဖွားမိခင်များအား မွေးသန့်ထုပ်များ ဖြန့်ဝေခြင်းတို့ကို စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစခန်းများ၊ IDPs စခန်းများတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယာယီနေရပ်စွန့်ခွာစခန်းများတွင် အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ရေး အသိပညာပေးခြင်း ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု

*မန္တလာ ဆရာမျိုး*

ကျန်းမာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအတွက်သာမက မိသားစု၊ လူ့အသိုက်အဝန်းနှင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟုဆိုသည့်အတိုင်း လူတစ်ဦးသည် ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်။ အလုပ်လုပ်နိုင်မည်။ မိသားစုကို စောင့်ရှောက်နိုင်မည်။ လူမှုဘဝတွင် အကျိုးရှိစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးသည် ဆေးရုံ၊ ဆေးခန်းနှင့်သာ သက်ဆိုင်သော ကိစ္စမဟုတ်ဘဲ လူတိုင်း၏ နေ့စဉ်ဘဝနှင့် နီးကပ်စွာ ဆက်စပ်နေသော အရေးကြီးဆုံး လူမှုရေးအခြေခံလိုအပ်ချက် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်မှုကို ဆန်းစစ်ကြည့်ရာတွင် ဆေးရုံအရေအတွက်၊ ဆရာဝန်အရေအတွက်၊ ဆေးဝါးရရှိနိုင်မှုတို့ကိုသာကြည့်၍ မလုံလောက်ပါ။ ပြည်သူများ၏ ပျမ်းမျှသက်တမ်း၊ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသအထိ ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီမှု၊ အရေးပေါ်ကုသမှုရရှိနိုင်မှု၊ ဆေးကုသစရိတ်ကြောင့် မိသားစုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ် မဖြစ်တို့ကိုပါ ထည့်သွင်းစဉ်းစားရပါသည်။

> ❖ **ကျန်းမာရေးစနစ်ကောင်းတစ်ခု တည်ဆောက်ရာတွင် အစိုးရနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ပါ။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကလည်း မရှိမဖြစ် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးကို မိမိတာဝန်ယူနိုင်ရန် ကျန်းမာရေးအသိပညာများ လေ့လာခြင်း၊ သန့်ရှင်းသောနေထိုင်မှုပုံစံ ကျင့်သုံးခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်အလွန်အကျွံ သုံးစွဲမှုကို ရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်နိုင်**

## ကျန်းမာရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ World Health Organization (WHO) က ကျန်းမာရေးကို ရောဂါမရှိခြင်းတစ်ခုတည်းမဟုတ်ဘဲ ကိုယ်ခန္ဓာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအရ ပြည့်စုံကောင်းမွန်သော အခြေအနေဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဤအယူအဆအရ ကျန်းမာရေးသည် ဆေးကုသမှုတစ်ခုတည်းနှင့် မလုံလောက်ပါ။ စိတ်ကျန်းမာရေး၊ မိသားစုဘဝအဆင်ပြေမှု၊ အလုပ်အကိုင်အခြေအနေ၊ အာဟာရ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ပညာရေးနှင့် လူမှုစီးပွားရေးအခြေအနေများပါ ပါဝင်နေပါသည်။

လူတစ်ဦးတွင် ရောဂါကြီးကြီးမားမား မရှိသော်လည်း အိပ်ရေးမဝခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အလုပ်ပင်ပန်းခြင်း၊ မိသားစုအခက်အခဲများရှိခြင်းတို့ကြောင့် နေ့စဉ်ဘဝတွင် မကျန်းမာသကဲ့သို့ ခံစားရနိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုသည် ဆေးပေးကုသခြင်း တစ်ခုတည်း မဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ ဘဝအရည်အသွေးကို မြှင့်တင်ပေးသော လုပ်ငန်းကြီးတစ်ခု ဖြစ်ပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အဓိကရည်ရွယ်ချက်

ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများအား ရောဂါမဖြစ်မီ ကာကွယ်ပေးရန်၊ ရောဂါဖြစ်လျှင် စောစီးစွာ ရှာဖွေကုသပေးရန်၊ ရောဂါကြောင့် မသန်စွမ်းမှုနှင့် သေဆုံးမှုများ လျော့နည်းစေရန်နှင့် ပြည်သူများ၏ဘဝအရည်အသွေးတိုးတက်စေရန် ဖြစ်ပါသည်။ ကောင်းမွန်သော ကျန်းမာရေးစနစ်တစ်ခုတွင် ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အချင်းချင်း ချိတ်ဆက်နေကြရပါသည်။ လူနာတစ်ဦးသည် ရောဂါကြီးလာမှ ဆေးရုံသို့ ရောက်လာခြင်းထက် ရောဂါမဖြစ်မီကတည်းက ကာကွယ်နိုင်ခြင်း၊ ရောဂါစတင်ဖြစ်ချိန်တွင် စောစီးစွာ သိရှိကုသနိုင်ခြင်းသည် ပိုမိုထိရောက်သော ကျန်းမာရေးစနစ်ဖြစ်ပါသည်။

## လူတိုင်းလက်လှမ်းမီသည့်အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် (UHC)

Universal Health Coverage (UHC) ဆိုသည်မှာ လူတိုင်းအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို အချိန်မီ၊ နေရာမရွေး၊ အရည်အသွေးပြည့်မီစွာ ရရှိနိုင်ပြီး ထိုဝန်ဆောင်မှုများကြောင့် ငွေကြေးအခက်အခဲမဖြစ်စေရန် ရည်ရွယ်သော **လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်**ဖြစ်ပါသည်။ UHC ၏ အဓိကအချက် သုံးချက်မှာ လူတိုင်းလက်လှမ်းမီရမည်။ ဝန်ဆောင်မှုအရည်အသွေး ပြည့်မီရမည်။ ငွေကြေးဝန်ထုပ်ဝန်ပိုး မဖြစ်စေရဟူ၍ ဖြစ်ပါသည်။ ဆင်းရဲသောကြောင့် ဆေးမကုနိုင်ခြင်း၊ နေရာဝေးသောကြောင့် ဆေးရုံမရောက်နိုင်ခြင်း၊ ဆေးကုသစရိတ်ကြောင့် မိသားစုဘဝ ပိုမိုခက်ခဲသွားခြင်းတို့ကို လျှော့ချနိုင်ရန် UHC သည် အရေးကြီးပါသည်။

မြန်မာနိုင်ငံကဲ့သို့ မြို့ပြနှင့် ကျေးလက်ကွာဟမှုရှိသောနိုင်ငံများတွင် UHC ကို အကောင်အထည်ဖော်ရာ၌ အခြေခံကျန်းမာရေးဝန်ဆောင်မှုများ ကျေးလက်ဒေသအထိ ရောက်ရှိရန်၊ ဆေးဝါးနှင့် စက်ပစ္စည်းများ လုံလောက်ရန်၊ ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာ ခန့်ထားနိုင်ရန်နှင့် ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားလာရန် လိုအပ်ပါသည်။

## ပဏာမကျန်းမာရေး စောင့်ရှောက်မှုစနစ် (PHC)

Primary Health Care (PHC) သည် ပြည်သူများနှင့် အနီးဆုံးနေရာတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ရရှိစေရန် စီစဉ်ထားသော **ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်** ဖြစ်ပါသည်။ PHC သည် UHC ရောက်ရှိရန် အရေးကြီးဆုံးလမ်းကြောင်း ဖြစ်ပါသည်။ PHC ၏ အဓိက အယူအဆမှာ ရောဂါဖြစ်ပြီးမှ ကုသခြင်းထက် ရောဂါမဖြစ်မီ ကာကွယ်ခြင်း ဖြစ်ပါသည်။ PHC တွင် ကာကွယ်ဆေးထိုးနှံခြင်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှု၊ ကလေးဖွံ့ဖြိုးမှုစောင့်ကြည့်ခြင်း၊ အာဟာရပညာပေးခြင်း၊ သန့်ရှင်းသောရေသောက်သုံးရေး၊ အိမ်သာသန့်ရှင်းရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ သွေးတိုးနှင့် ဆီးချိုစစ်ဆေးခြင်း၊ ဆေးလိပ်ဖြတ်ရေးနှင့် ကျန်းမာရေးပညာပေးခြင်းတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ တိုက်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးမှူးများက PHC ၏ အဓိကမောင်းနှင်အားများ ဖြစ်ကြပါသည်။ ၎င်းတို့သည် လူထုနှင့် အနီးဆုံးနေရာတွင် ရှိနေကြပြီး ရောဂါကာကွယ်ရေး၊ ကျန်းမာရေးပညာပေးရေးနှင့် စောစီးစွာ ရောဂါသိရှိရေးလုပ်ငန်းများတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြပါသည်။

## မြန်မာနိုင်ငံ၏ ကျန်းမာရေးစိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ဆောင်မှုများသည် မြို့ကြီးများမှစ၍ ဝေးလံခေါင်သီသော ကျေးလက်ဒေသများအထိ ပျံ့နှံ့ဆောင်ရွက်နေရသော လုပ်ငန်းကြီး တစ်ခုဖြစ်ပါသည်။ မြို့ပြဒေသများတွင် ဆေးရုံဆေးခန်း၊ ဆေးဝါးနှင့် ကျွမ်းကျင်ဝန်ထမ်းများ ပိုမိုရရှိနိုင်သော်လည်း ကျေးလက်နှင့် ဝေးလံခေါင်သီသောဒေသများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျန်းမာရေးဝန်ထမ်း မလုံလောက်ခြင်း၊ ဆေးဝါးနှင့် စက်ပစ္စည်း အကန့်အသတ်ရှိခြင်းတို့ကို ရင်ဆိုင်ရတတ်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်တစ်ဦးတွင် အရေးပေါ်ပြဿနာဖြစ်လာသောအခါ ဆေးရုံသို့ အချိန်မီရောက်နိုင်ခြင်းသည် မိခင်နှင့်ကလေးအသက်ကို ကယ်တင်နိုင်သောအချက် ဖြစ်ပါသည်။ ကလေးတစ်ဦးတွင် အဖျားတက်ခြင်း၊ ဝမ်းလျှောခြင်း၊ အသက်ရှူခက်ခြင်းတို့ ဖြစ်လာပါက အချိန်မီ ကုသမှုရရှိခြင်းဖြင့် အသက်ရှင်သန်နိုင်ပါသည်။ ထို့ကြောင့် ကျေးလက်အထိ ကျန်းမာရေးဝန်ဆောင်မှု ရောက်ရှိရေးသည် လူ့အသက်နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။

## ကူးစက်ရောဂါနှင့် မကူးစက်ရောဂါ နှစ်မျိုးလုံးကို ရင်ဆိုင်နေရခြင်း

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ကူးစက်ရောဂါများသာမက မကူးစက်နိုင်သော ရောဂါများလည်း တိုးပွားလာလျက်ရှိပါသည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါနှင့် နာတာရှည်အသက်ရှူလမ်းကြောင်းရောဂါများသည် လူနေမှုပုံစံ၊ အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသုံးစွဲခြင်း၊ စိတ်ဖိစီးမှုနှင့် ပတ်ဝန်းကျင်အခြေအနေများနှင့် ဆက်စပ်နေပါသည်။ ထို့ကြောင့် မြန်မာ့ကျန်းမာရေးစနစ်အတွက် ကူးစက်ရောဂါများကို ထိန်းချုပ်ခြင်းနှင့် မကူးစက်နိုင်သောရောဂါများကို ကြိုတင်ကာကွယ်ခြင်း နှစ်ခုစလုံးကို တစ်ပြိုင်နက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့်လည်း မိမိကျန်းမာရေးကို မိမိတာဝန်ယူနိုင်ရန် ကျန်းမာသော နေထိုင်မှုပုံစံများကို ကျင့်သုံးရန် လိုအပ်ပါသည်။

## ကိုဗစ်-၁၉ ကာလမှ သင်ခန်းစာများ

ကိုဗစ်-၁၉ ကပ်ရောဂါကာလသည် ကမ္ဘာ့ကျန်းမာရေးစနစ်များအတွက် ကြီးမားသော စမ်းသပ်မှုတစ်ခုဖြစ်ခဲ့ပါသည်။ ထိုကာလမှ သင်ခန်းစာများအနက် အရေးကြီးဆုံးမှာ ရောဂါကာကွယ်ရေးသည် ကုသရေးထက် အလွန်အရေးကြီးကြောင်း ဖြစ်ပါသည်။ လူထု၏အသိပညာ၊ ရောဂါစောင့်ကြည့်ရေးစနစ်၊ ကာကွယ်ဆေးထိုးနှံရေး၊ သတင်းမှန် ပြန့်ပွားရေးနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့သည် ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း ကိုဗစ်-၁၉ က ပြသခဲ့ပါသည်။

ထိုကာလတွင် လူမှုကွန်ရက်မှတစ်ဆင့် ကျန်းမာရေးသတင်းမှားများလည်း လျင်မြန်စွာ ပျံ့နှံ့ခဲ့ပါသည်။ မမှန်ကန်သော ဆေးနည်းများ၊ အတည်မပြုရသေးသော ကုသနည်းများ၊ ကောလာဟလများကြောင့် ပြည်သူများအတွက် အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးသတင်းအချက်အလက်များကို ယုံကြည်စိတ်ချရသော အရင်းအမြစ်များမှ ရယူရန် အလွန်အရေးကြီးပါသည်။

## လူမှုကွန်ရက်နှင့် ကျန်းမာရေးသတင်းမှားများ

ယနေ့ခေတ်တွင် လူမှုကွန်ရက်များသည် ကျန်းမာရေးပညာပေးများ ပျံ့နှံ့စေရန် အခွင့်အလမ်းတစ်ခုဖြစ်သော်လည်း သတင်းမှားများ ပျံ့နှံ့စေနိုင်သည့် အန္တရာယ်လည်း ရှိပါသည်။ အတည်မပြုရသေးသော ဆေးနည်းများကို ယုံကြည်ပြီး မှန်ကန်သော ဆေးကုသမှု နောက်ကျသွားခြင်း၊ ဆေးမှားသောက်ခြင်း၊ ရောဂါပိုဆိုးလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးအချက်အလက်များကို ဆရာဝန်၊ ဆေးဝါးပညာရှင်၊ ကျန်းမာရေးပညာရှင်များ၏ အကြံပြုချက်များ၊ WHO ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တရားဝင်ဆေးပညာအဖွဲ့အစည်းများမှ ထုတ်ပြန်သော အချက်အလက်များကိုသာ ယုံကြည်သင့်ပါသည်။

## ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု

ကျန်းမာရေးစနစ်ကောင်းတစ်ခု တည်ဆောက်ရာတွင် အစိုးရနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ပါ။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကလည်း မရှိမဖြစ် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးကို မိမိတာဝန်ယူနိုင်ရန် ကျန်းမာရေးအသိပညာများ လေ့လာခြင်း၊ သန့်ရှင်းသောနေထိုင်မှုပုံစံ ကျင့်သုံးခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်အလွန်အကျွံသုံးစွဲမှုကို ရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။

လူနာအနေဖြင့် ဆေးညွှန်းအတိုင်း ဆေးသောက်ခြင်း၊ မိမိသဘောဖြင့် ဆေးရပ်မှုမပြုလုပ်ခြင်း၊ ပုံမှန်ပြန်လည်စစ်ဆေးခြင်း၊ ရောဂါလက္ခဏာများကို မှန်မှန်ကန်ကန် ပြောပြခြင်းတို့ လိုအပ်ပါသည်။ မိသားစုဝင်များအနေဖြင့်လည်း လူနာကို စိတ်ပိုင်းဆိုင်ရာ အားပေးခြင်း၊ ဆေးကုသမှုကို လိုက်နာရန် ကူညီခြင်း၊ အရေးပေါ်လက္ခဏာများကို သတိထားခြင်းတို့ဖြင့် ပါဝင်နိုင်ပါသည်။

## အနာဂတ် မြန်မာ့ကျန်းမာရေးစနစ်

အနာဂတ် မြန်မာ့ကျန်းမာရေးစနစ်သည် လူနာဗဟိုပြု၊ ကာကွယ်ရေးဦးစားပေး၊ လူတိုင်းလက်လှမ်းမီနိုင်သော စနစ်ဖြစ်ရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းအင်အား မြှင့်တင်ခြင်း၊ ဝန်ထမ်းများအတွက် ဆက်လက်ပညာသင်ကြားမှု အခွင့်အလမ်းများပေးခြင်း၊ ဆေးရုံဆေးခန်းများ၏ အခြေခံအဆောက်အအုံ မြှင့်တင်ခြင်း၊ ဆေးဝါးနှင့် စက်ပစ္စည်းရရှိနိုင်မှု တိုးတက်စေခြင်းတို့ လိုအပ်ပါသည်။ ထို့အပြင် Digital Health နည်းပညာများဖြစ်သော Electronic Medical Record, Telemedicine, Health Infor-mation System စသည့်နည်းပညာများကို သင့်တော်စွာ အသုံးပြုနိုင်ပါက လူနာမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းနိုင်ခြင်း၊ ဝေးလံဒေသများတွင် အကြံပြုကုသမှုရရှိနိုင်ခြင်း၊ ရောဂါဖြစ်ပွားမှုများကို ပိုမိုကောင်းမွန်စွာ စောင့်ကြည့်နိုင်ခြင်းတို့ ဖြစ်လာနိုင်ပါသည်။

*စာမျက်နှာ ၁၃ သို့*



## တိုင်းဒေသကြီးအတွင်း မျက်စိဝေဒနာရှင် ၁၀၀၀ ကျော်ကို အောင်မြင်စွာ အခမဲ့ခွဲစိတ်ကုသမှုပေးနိုင်ခဲ့

**ပဲခူး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ အောင်သုခဆေးကုသဆောင်၌ မျက်စိခွဲစိတ်ကုသမှုခံယူပြီးစီးသည့် လူနာများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး မျက်စိကျန်းမာရေးမျက်မှန်များ တပ်ဆင်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မျက်စိဝေဒနာရှင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ၁၂၀ အား အောင်မြင်စွာ အခမဲ့ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ တိုင်းဒေသကြီးအတွင်း မျက်စိဝေဒနာရှင် စုစုပေါင်း ၁၀၀၀ ကျော်ကို အောင်မြင်စွာ အခမဲ့ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာပြည်သူ့အားကစားကွင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**မြစ်ကြီးနား ဇူလိုင် ၇**

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက မြစ်ကြီးနားမြို့ရှိ ငြိမ်းချမ်းသာယာပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်တို့က အရာထမ်း၊ အမှုထမ်းများ၊ အားကစားအသင်းများနှင့်အတူ ရတနာတန်းဝင် ကျွန်းပင်၊ ခရေပင်၊ သပြေပင်နှင့် စိန်ပန်းပင် စသည့် အရိပ်ရအပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်နယ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ ဒေသခံကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## နည်းပညာတက္ကသိုလ် (မော်လမြိုင်)နှင့် မော်လမြိုင်တက္ကသိုလ်တို့တွင် အခြေခံစားသောက်ကုန် ပစ္စည်းများအား စျေးနှုန်းသက်သာစွာ ရောင်းချပေး

**မော်လမြိုင် ဇူလိုင် ၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (မော်လမြိုင်)၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များကို သက်သာသော စျေးနှုန်းများဖြင့် ရောင်းချပေးနေမှုနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက လာရောက်ဝယ်ယူအားပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ်၌ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များကို သက်သာသော စျေးနှုန်းများဖြင့် ရောင်းချပေးနေမှုနှင့် အခြေခံစားသောက်ကုန် ပစ္စည်းများအား ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် အဆောင်နေ ကျောင်းသား ကျောင်းသူများက လာရောက်ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအလိုက် ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက သုံးသပ်ဆွေးနွေး၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **စည်သူ(ပြန်/ဆက်)**



## မကွေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မကွေး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်လှစ်ခြင်းကို ယမန်နေ့က မြို့နယ်စုပေါင်းရုံးခန်းမ၌ကျင်းပရာ မကွေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်စိုးက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးဘရွှေသန်းက ဥပဒေဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြများက သင်တန်းကာလနှစ်ရက်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၇၅ ဦးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေများကို ပို့ချခဲ့ကြောင်းသိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၇**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

*စာမျက်နှာ ၁၂ မှ*

### ပူးပေါင်းပါဝင်ခြင်း

ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ WHO ၏ ကျန်းမာရေးအယူအဆ၊ Universal Health Coverage (UHC) နှင့် Primary Health Care(PHC) တို့သည် လူတိုင်းအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို တန်းတူညီမျှ၊ အရည်အသွေးပြည့်မီစွာ ရရှိစေရန် လမ်းညွှန်ပေးသော အရေးကြီးသည့် မူဝါဒအယူအဆများ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ် ပိုမိုခိုင်မာလာစေရန် အစိုးရ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားလာခြင်း၊ ရောဂါကာကွယ်ရေးတွင် ပူးပေါင်းပါဝင်ခြင်း ကျန်းမာသော မြန်မာနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ကိုးကား**


1. World Health Organization. Universal Health Coverage (UHC).
2. World Health Organization. Primary Health Care (PHC).
3. World Health Organization. Constitution of the World Health Organization: Definition of Health.
4. World Health Organization. Noncommunicable Diseases.
5. UNICEF. Maternal, Newborn and Child Health / Immunization.
6. United Nations. Sustainable Development Goal 3: Good Health and Well-being.
7. World Bank. Health Indicators: Life expectancy, maternal mortality, under-five mortality and NCD indicators.

## ဆမ်ဆောင်းကသုံးလအတွင်း အမြတ်ငွေ ၁၉ ဆအထိ မြင့်တက်

ဆိုးလ် ဇူလိုင် ၇

ဆမ်ဆောင်းအီလက်ထရွန်နစ် ကုမ္ပဏီ၏ ဧပြီလမှ ဇွန်လအထိ သုံးလတာကာလအတွင်း လုပ်ငန်းဆိုင်ရာလည်ပတ်မှု အမြတ်ငွေသည် ၁၉ ဆအထိ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ကြောင်း သိရသည်။ အဆိုပါ တောင်ကိုရီးယား ဆမ်ဆောင်းကုမ္ပဏီသည် AI နှင့် ဆက်နွှယ်သော နည်းပညာဝန်ဆောင်မှုများတွင် အသုံးပြုသော ဆီမီးကွန်ဒက်တာ ဝယ်လိုအားမြင့်တက်လာသောကြောင့် ထိုကဲ့သို့ အမြတ်ငွေ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ပဏာမတွက်ချက်ထားသည့် စာရင်းအချက်အလက်များအရ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမြတ်ငွေသည် ဝမ် ၈၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံခန့်) အထက် ရောက်ရှိခဲ့ကြောင်း၊ ယင်းအမြတ်ငွေပမာဏသည် လွန်ခဲ့သည့် သုံးနှစ်က ကုမ္ပဏီ၏ စုစုပေါင်း အမြတ်ငွေ ဝမ် ၈၃ ထရီလီယံထက်ပင် ပိုမိုများပြားနေကြောင်း၊ ယခုအခါ ဆမ်ဆောင်းကုမ္ပဏီသည် ဆီမီးကွန်ဒက်တာထုတ်လုပ်မှုကို မြှင့်တင်ရန် အာရုံစိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




## အိန္ဒိယနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် သဘောတူ

ဂျကာတာ ဇူလိုင် ၇

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီတို့သည် ဇူလိုင် ၇ ရက်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ရန် သဘောတူခဲ့ကြပြီး နိုင်ငံရေး၊ ကုန်သွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်နှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် ကတိကဝတ်ကိုလည်း ထပ်မံအတည်ပြုခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ်၏ ဂျကာတာသို့ သွားရောက်သည့် နိုင်ငံတော်ခရီးစဉ်အတွင်း အဆိုပါသဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရ ဆက်သွယ်ရေးအေဂျင်စီက အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆင့်မြင့်ခေါင်းဆောင်များကြား တွေ့ဆုံဖလှယ်မှုများကို မကြာခဏ ပြုလုပ်ခြင်း၊ နှစ်နိုင်ငံကြား ညှိနှိုင်းဆွေးနွေးမှုယန္တရားများကို ပိုမိုခိုင်မာစေခြင်းနှင့် အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ပူးပေါင်းမှုကို ပိုမိုနီးကပ်စေခြင်းတို့မှတစ်ဆင့် နှစ်နိုင်ငံအကြား နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့ရန်လည်း သဘောတူခဲ့ကြသည်။ **ဆင်ဟွာ**

## တိုယိုတာက တက္ကဆက်ရှိ ကားထုတ်လုပ်မှုတွင် ကန်ဒေါ်လာသုံးဘီလီယံကျော် တိုးမြှင့်သုံးစွဲမည်

တိုကျို ဇူလိုင် ၇

တိုယိုတာ မော်တော်ကားကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုတောင်ပိုင်း တက္ကဆက်ပြည်နယ်၌ ကားထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။



ယင်းမှာ အမေရိကန်ပြည်ထောင်စုတွင် ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် တိုယိုတာမော်တော်ကားကုမ္ပဏီ၏ စီမံကိန်းမှ နောက်ဆုံးပေါ်ထွက်လာသော လုပ်ဆောင်မှုဖြစ်သည်။ မြောက်အမေရိကတွင်ရှိသည့် တိုယိုတာမော်တော်ကားကုမ္ပဏီသည် တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့၌ ပစ်ကပ်ထရပ်ကား အသစ်ထုတ်လုပ်မည့် တပ်ဆင်ရေးလိုင်းတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၀ ကျော်အထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပြင်သစ်သမ္မတအလည်အပတ်ရောက်ရှိနေသည့် ဆီးရီးယားနိုင်ငံမြို့တော်၌ ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား

ဒမတ်စကတ် ဇူလိုင် ၇

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ် မြို့တော်ဒမတ်စကတ်အလယ်ပိုင်းတွင် ဇူလိုင် ၇ ရက်က ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပေါက်ကွဲမှုများမှာ သမ္မတ မက်ခရွန် တည်းခိုရာနေရာအတွက် သတ်မှတ်ထားသည့် လုံခြုံရေးစည်းအပြင်ဘက်တွင် ဖြစ်ပွားခဲ့ခြင်းကြောင့် သမ္မတတည်းခိုရာနေရာ သို့မဟုတ် တရားဝင်ခရီးစဉ်အပေါ် တိုက်ရိုက်ခြိမ်းခြောက်မှုမရှိခဲ့ကြောင်း၊ ခရီးစဉ်ကို အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဆီးရီးယားပြည်ထဲရေး ဝန်ကြီးဌာနက ပြောကြားသည်။ ထိခိုက်ဒဏ်ရာရရှိသူများတွင် ရဲအရာရှိလေးဦးပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အစ္စရေးနှင့် လက်ဘနွန် ဆွေးနွေးပွဲထပ်မံကျင်းပမည်

ဂျေရုဆလင် ဇူလိုင် ၇

အစ္စရေးနှင့် လက်ဘနွန်တို့ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို လာမည့် သီတင်းပတ်အတွင်း အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပသွားမည် ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒွန်ဆာအာက ဇူလိုင် ၇ ရက်တွင် ပြောကြားခဲ့သည်။

ဧပြီလမှစ၍ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ သံအမတ်အဆင့် ဆွေးနွေးပွဲ ငါးကြိမ်ကျင်းပခဲ့ပြီးနောက် ယခုကျင်းပမည့် အစည်းအဝေးသည် နှစ်နိုင်ငံကြား ခြောက်ကြိမ်မြောက် ဆွေးနွေးပွဲဖြစ်လာမည်ဖြစ်သည်။

ဆွေးနွေးပွဲကျင်းပမည့်ရက်ကို ဆာအာက အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိသေးသော်လည်း အမေရိကန်ပြည်ထောင်စုဆိုင်ရာ အစ္စရေးသံအမတ်ကြီး ယေခီယယ် လိုင်တာက ဆွေးနွေးပွဲသည် လာမည့် အပတ် အင်္ဂါနေ့တွင် စတင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

## ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အတွက် ပရိသတ်များအား မက္ကဆီကိုနည်းပြ အာဂီရေး တောင်းပန်

နည်းပြ ဟာဗီယာအာဂီရေးသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် နာမည်ကြီး အင်္ဂလန်အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် မက္ကဆီကိုအသင်းပရိသတ်များကို တောင်းပန်ခဲ့သည်။ မက္ကဆီကိုအသင်းသည် ယင်းပွဲစဉ်တွင် ပြိုင်ဘက်ကို တစ်ယောက်အသာဖြင့် ကစားခဲ့ရသော်လည်း ပွဲအပြီးတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းသည် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့်အတွက် ၁၉၈၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားကွာတားဖိုင်နယ် တက်လှမ်းနိုင်ရေး မျှော်လင့်ချက်လည်း အဆုံးသတ်ခဲ့ရပြီ ဖြစ်သည်။ ၎င်းသည် မက္ကဆီကိုအသင်းကို စတင်တာဝန်ယူကိုင်တွယ်သည့်



၂၀၂၄ ခုနှစ် ဇူလိုင်လနောက်ပိုင်း ၂၁ ပွဲနိုင်၊ ရှစ်ပွဲသရေနှင့် ငါးပွဲရှုံးရလဒ် ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။

## ဟန်ဒါဆန်၏ ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူရမည်



ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်သည် အင်္ဂလန်က မက္ကဆီကိုအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သည့်အတွက် အောင်ပွဲခံစဉ်အတွင်း လက်ကောက်ဝတ်ကျိုးသွားသောကြောင့် ခွဲစိတ်ကုသမှု ခံယူရတော့မည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၆ နှစ်အရွယ် ဘရန့်ဖို့ဒ်ကစားသမား ဟန်ဒါဆန်သည် ပရိသတ်များ၊ အသင်းဖော်များနှင့် အောင်ပွဲခံစဉ် ကွင်းဘေး ကြော်ငြာဆိုင်းဘုတ်ပေါ် လဲကျပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ဟန်ဒါဆန်သည် အင်္ဂလန်အသင်း၏ ကျန်ရှိသည့် ကမ္ဘာ့ဖလားပွဲစဉ်များကို ပါဝင်ကစားနိုင်တော့မည် မဟုတ်သော်လည်း အမေရိကန်တွင်ရှိနေသည့် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ဆက်လက်ရှိနေလိုကြောင်း သိရသည်။ အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်တွင် နော်ဝေနှင့်ကစားရမည် ဖြစ်သည်။

## နော်ဝေနှင့်ပွဲတွင် ဂျိမ်းစ် ပြန်လည်ပါဝင်လာဖွယ်ရှိ



လာမည့် နော်ဝေနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ခံစစ်ကစားသမား ရီးစ်ဂျိမ်းစ် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း အင်္ဂလန်နည်းပြ သောမတ်စ်တူဟယ်လ်က ပြောကြားသည်။

မက္ကဆီကိုအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ၁၆ သင်းအဆင့်တွင် ခံစစ်ကစားသမား ကွန်ဆာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် တူဟယ်လ်၏ ခံစစ်အကျပ်အတည်းမှာ ပိုမိုဆိုးရွားသွားခဲ့သည်။

ဂျိမ်းစ်သည် အုပ်စုအဆင့်အဖြစ် ဂါနာအသင်းနှင့် ဒုတိယမြောက်ပွဲစဉ်တွင် ထိခိုက်ဒဏ်ရာရရှိပြီးနောက် လေ့ကျင့်ခန်းအပြည့်အဝ ပြန်လည်မဆင်းနိုင်သေးဘဲ ပနားမား၊ ကွန်ဂိုနှင့် မက္ကဆီကိုအသင်းတို့ပွဲစဉ်ကို လွဲချော်ထားသည်။ ၎င်းသည် အင်္ဂလန်အသင်းအတွက် ၂၆ ပွဲ ပါဝင်ကစားထားသည်။

## ဘရာဇီးတိုက်စစ်ကစားသမား နေမာ နိုင်ငံတကာကစားသမားဘဝမှ အနားယူ



ဘရာဇီးအသင်းတိုက်စစ်ကစားသမား နေမာသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် နော်ဝေအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ၎င်း၏ နိုင်ငံတကာကစားသမားဘဝပြီးဆုံးသွားပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘရာဇီးအသင်းနှင့် ပွဲဦးထွက်ကို ၂၀၁၀ ပြည့်နှစ်တွင်စတင်ခဲ့သော အသက် ၃၄ နှစ်အရွယ် နေမာသည် အသင်းအတွက် ပွဲပေါင်း ၁၃၀ တွင် သွင်းဂိုးပေါင်း ၈၀ အထိ သွင်းယူနိုင်ခဲ့သည်။ နေမာသည် ယခုနှစ်ကမ္ဘာ့ဖလား မတိုင်မီအထိ ထိခိုက်ဒဏ်ရာများဖြင့် ရုန်းကန်နေခဲ့ရပြီး ၂၀၂၃ ခုနှစ်နောက်ပိုင်း ဘရာဇီးအသင်းတွင် ပါဝင်ကစားပေးထားခြင်း မရှိပေ။

၎င်းသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လေးကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။



**သွင်းဂိုးအများဆုံး ကစားသမားများ**

| | အမည် | ဂိုး |
|---|---|---|
| ၁။ | မက်ဆီ | ၈ |
| ၂။ | အမ်ဘာပေ | ၇ |
| ၃။ | ဟာလန်း | ၇ |
| ၄။ | ကိန်း | ၆ |
| ၅။ | ဒမ်ဘီလီ | ၄ |



**ဂိုးဖန်တီးမှုအများဆုံး ကစားသမားများ**

| | အမည် | ဂိုးဖန်တီးမှု |
|---|---|---|
| ၁။ | အိုလီဆေး | ၅ |
| ၂။ | ဒီယက်ဇ် | ၄ |
| ၃။ | ဂူမာရက်စ် | ၄ |
| ၄။ | အိုဒီဂတ် | ၃ |
| ၅။ | ဆာကာ | ၃ |

■ မိုးဇက် - စုစည်းသည်



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ညောင်ချောင်းကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်း အဖြစ်အသုံးပြု၍ ဝင်ရောက်နေထိုင်မှုအား တွေ့ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ဝက်ပါကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်း ပြုလုပ်ထားမှုကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

နေထိုင်ခြင်းများကြောင့် ကျေးရွာအချို့မှကျောင်းများ ဆက်လက်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ စာသင်ကျောင်းများအား ယာယီပိတ်ထားခဲ့ရသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism– Operation) များဖြင့် ဇွန် ၂၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ ခဲယမ်းနှင့် အသုံးအဆောင်ပစ္စည်းများကို





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ် အသုံးပြုကာ မိုင်းများထောင်ထားမှုကို တွေ့ရစဉ်။

သိမ်းဆည်းရမိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများ၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်များကိုအမြန်ဆုံး ဖယ်ရှားရှင်းလင်း၍ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော စာသင်ကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် အဆိုပါဒေသ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာ ဆိုင်ကယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာပိုင်ဆိုင်မှု အထောက်အထား ပြသပြောဆိုနိုင်ခြင်းမရှိဘဲ ၎င်းတို့နှစ်ဦးနှင့်အတူ စည်သူထွန်းသည် ဇူလိုင် ၄ ရက် ညပိုင်းတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ယာမြေရွှေတိဂုံဘုရားနောက်ရှိ နေအိမ်ရှေ့လမ်းဘေးရပ်ထားသော အဆိုပါဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ဆက်လက်စစ်ဆေးရာ မိုင်းဆတ်မြို့တွင်နေထိုင်သည့် ဇင်ထက်အောင်ထံတွင် ၎င်းတို့သုံးဦး ခိုးယူထားသည့် ဆိုင်ကယ်ရှစ်စီးအား ရောင်းချခဲ့ကြောင်း ထွက်ဆိုပေါ်ပေါက်ခဲ့သည်။

ရဲအုပ်ငွေတိုး ဦးစီးသော ပူးပေါင်းအဖွဲ့သည် ထွက်ပြေးတိမ်းရှောင်နေသည့် စည်သူထွန်းအား ဖမ်းဆီးရမိရေးအတွက် မိုင်းဆတ်မြို့သို့ သွားရောက်စုံစမ်းရှာဖွေဖမ်းဆီးရာ ၎င်း၏ မိဘများနေအိမ်သို့ ပြန်လည်ရောက်ရှိနေထိုင်ခြင်းမရှိ၍ ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း၊ ယခင်က ခိုးယူထားရှိခဲ့သော ဆိုင်ကယ်များအား လက်ခံ/ပြန်လည်ရောင်းချပေးသူ ဇင်ထက်အောင် (ဘ) ဦးအောင်ငွေ၊ မိုင်းယွန်းကျေးရွာအုပ်စု ရပ်/ကျေးစာရေး၊ မယ်ဆွမ်မြောက်ရပ်ကွက် မိုင်းဆတ်မြို့နေသူထံမှ ဆိုင်ကယ်မျိုးစုံ ရှစ်စီးအား သိမ်းဆည်းရမိခဲ့သဖြင့် တရားခံများအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ အမေရိကန်အသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်ထားနိုင်ခဲ့ခြင်းမရှိပေ။ ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီနှင့် စပိန်အသင်းပွဲစဉ်တွင် စပိန်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သော စပိန်အသင်းသည် လူစားဝင်ကွင်းလယ်ကစားသမား မိုရီနို၏ နောက်ကျသွင်းဂိုးဖြင့် နိုင်ပွဲရပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**

## ကံမမြို့၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြ

**ကံမ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်



စိုက်ပျိုးရေးဦးစီးဌာနက လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ညောင်တန်းကျေးရွာ တောင်သူ ဦးမြင့်ဇော်၏ လယ်မြေ ငါးဧကတွင် ကျင်းပရာ ထန်းလေးပင်၊ အင်းဘဲ၊ ဂုန်းသောင်၊ ခမ္မသော်နှင့် မင်းပြင် ကျေးရွာအုပ်စုများရှိ လယ်စိုက်တောင်သူများ တက်ရောက်လေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးရန်လိုအပ်သော ပျိုးပေါင်များအား စနစ်တကျ ပျိုးထောင်နည်း၊ ပျိုးခင်းပြုစုစောင့်ရှောက်နည်းနှင့် ထွန်ယက်ပုံနည်းစနစ်များကို လက်တွေ့ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ။

✳ *ကျောဖုံးမှ*

၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကို ပုလောမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



❏ *ကျောဖုံးမှ*

အဆိုပါ မူလတန်းဆင့်ကျောင်းပေါင်းစုံ အရပ်(၄ ပေ ၉ လက်မ) အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ အသင်း ၁၈ သင်းဖြင့် ဇူလိုင် ၅ ရက်မှ စတင်၍ ပြိုင်ပွဲများကျင်းပလျက်ရှိပြီး ဇူလိုင် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

✪ *ကျောဖုံးမှ*

ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးတို့အား မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှု ရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Nikita Belous နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ၊ Office Of The Police Attache မှ Police Colonel Mr. Neftaly Adia Donato နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ နီပေါနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၅၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၅၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET)အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




၂၀၂၆ ခုနှစ် ဇွန်လအတွင်း စခန်း ၃၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဇွန်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၉ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၂ |
| ၃ | ခန္တီး | ၆.၅ |
| ၄ | လားရှိုး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၂ |
| ၆ | မိုင်းဆတ် | ၆.၆ |
| ၇ | ကျိုင်းတုံ | ၆.၉ |
| ၈ | စစ်ကိုင်း | ၆.၈ |
| ၉ | ဟားခါး | ၇.၁ |
| ၁၀ | ညောင်ဦး | ၆.၅ |
| ၁၁ | မုံရွာ | ၇.၁ |
| ၁၂ | ပျဉ်းမနား | ၆.၉ |
| ၁၃ | ပြင်ဦးလွင် | ၇.၁ |
| ၁၄ | ကလေးဝ | ၆.၅ |
| ၁၅ | ရန်ကုန်(ကမ္ဘာအေး) | ၆.၇ |
| ၁၆ | မှော်ဘီ | ၇.၀ |
| ၁၇ | မကွေး | ၆.၇ |
| ၁၈ | အောင်လံ | ၆.၅ |
| ၁၉ | လှိုင်ကော် | ၆.၈ |
| ၂၀ | စစ်တွေ | ၇.၀ |
| ၂၁ | ပြည် | ၆.၆ |
| ၂၂ | ပဲခူး | ၆.၉ |
| ၂၃ | တောင်ငူ | ၆.၅ |
| ၂၄ | ပုသိမ် | ၆.၅ |
| ၂၅ | မအူပင် | ၆.၇ |
| ၂၆ | ဟသ်ာတ | ၆.၈ |
| ၂၇ | မော်လမြိုင် | ၆.၉ |
| ၂၈ | ဘီးလင်း | ၆.၈ |
| ၂၉ | ဘားအံ | ၆.၈ |
| ၃၀ | ကော့ကရိတ် | ၇.၀ |
| ၃၁ | ထားဝယ် | ၆.၆ |
| ၃၂ | မြိတ် | ၆.၅ |
| ၃၃ | ကော့သောင်း | ၆.၆ |

ပုံ (၂)၊ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ချေးငွေများ ထုတ်ပေး

လှိုင်ကော် ဇူလိုင် ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကယားပြည်နယ် သမဝါယမဦးစီးဌာန အနေဖြင့် စိမ်းရောင်စို စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မတည်ထောက်ပံ့ချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို အဆိုပါရုံး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးရဲဝင်းက ထုတ်ချေးငွေများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိရှိအသုံးပြု၍ မိသားစုဝင်ငွေ တိုးပွားရေး ဆောင်ရွက်ရန်၊ ပြန်လည်ပေးဆပ်ရမည့် အရင်း၊ အတိုးများကို အချိန်မှန် ပြန်လည်ပေးဆပ်ကြရန်နှင့် အသင်းသားများအနေဖြင့် အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် အတူတကွ အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် ပြောင်းစိုက် ၁၃၄ ဧကအတွက် မတည်ထောက်ပံ့ချေးငွေကျပ် ၆၇ သန်းကို ပေးအပ်ခဲ့သည်။ **သတင်းစဉ်**



## မိတ္ထီလာခရိုင်၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု သင်တန်းပို့ချ

မိတ္ထီလာ ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်းဆောင်ရွက်ရန် ကျန်ရှိသော ကျေးရွာများအား ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်ပို့ချမှုကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၀ ရွာမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားကာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) က ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **ကိုဇေ**

## ငဖဲမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ငဖဲ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်လှစ်ခြင်းကို ဇူလိုင် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအာကာကျော်က လူတိုင်းဥပဒေအသိပညာရရှိရမည်ဆိုသည့် အညွှန်းကိန်းကို ဖော်ဆောင်ရန် ရည်ရွယ်၍ သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းတွင် ဥပဒေဆိုင်ရာ ဘာသာရပ်များကို ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သင်တန်းသား ၂၂ ဦးတို့ကို သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဓာတ်အားပေးဧရိယာများအတွင်း တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး မီတာနှင့် ထရန်စဖော်မာများတွင် ဆီးလ်များခတ်ထားခြင်း ရှိ၊ မရှိ၊ ထရန်စဖော်မာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် Capacitor Bank များ ကောင်းမွန်ခြင်း ရှိ၊ မရှိ မဖြစ်ပေါ်စေရေးအတွက် တောင်ကြီးခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆွေလင်းနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ မြေပြင်ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ဘုတ်ပြင်း ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကြီးကြပ်မှုဖြင့် ခရိုင်ဥပဒေရုံးမှဦးဆောင်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့နံနက်က ဘုတ်ပြင်းခရိုင်စုပေါင်းရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးအောင်မောင်မောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲ



အခမ်းအနားကို ဇူလိုင် ၃ ရက်က အဆိုပါဦးစီးဌာနရုံးရှိ Incubation Center ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက စက်ချုပ်နည်းပညာသင်တန်းဆင်းများအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ Snack အမျိုးမျိုးနှင့် ယိုမျိုးစုံထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းများအတွက် အာလူးလှီးစက်၊ အခြောက်ခံစက်၊ ခြေနင်းအိတ်ပိတ်စက်၊ ဂတ်စ်အိုးနှင့် ဂတ်စ်မီးဖိုများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး သင်တန်းသားများ၏ ထုတ်ကုန်ပစ္စည်းလက်ရာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

## တောင်ငူမြို့ အထက(၄)၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇူလိုင် ၇**



တောင်ငူမြို့ အထက (၄) ပင်လုံခန်းမ၌ ဇူလိုင် ၃ ရက်က လူငယ်စကားဝိုင်း ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဦးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုး တို့က လူငယ်စကားဝိုင်းကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာရိတ္တ စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ဇော်ကိုကို(တောင်ငူ)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇူလိုင် ၆ ရက်က မြို့နယ်လဝက ဦးစီးမှူး ဦးကျော်ဝင်းထွန်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၇၃ ဦးအား ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးနေလင်းနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ **အေးမဉ္ဇူ**



## ဇနေဖြူမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဇနေဖြူ ဇူလိုင် ၇**



ဇနေဖြူမြို့နယ်တွင် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်က ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျေးရွာသူကျေးရွာသားများက ပျိုးပင် ၁၇၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်**
**(ပြန်/ဆက်)**



ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ရိပ်သာဆောင်ခန်းမ၌ ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းသင်တန်းကို ဇူလိုင် ၁ ရက်က ဖွင့်လှစ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဌာနမှူး ဒေါက်တာဇော်သူအောင်က ကာကွယ်ထိန်းချုပ်ခြင်း ဆိုင်ရာများကို ဆွေးနွေးစဉ်။ မြို့နယ်(ပြန်/ဆက်)

မအူပင်မြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဇူလိုင် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)





## ဇလွန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ်များထုတ်ပေး

**ဇလွန် ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေကျောင်း၌ ဇူလိုင် ၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးထွန်းထွန်းလင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမြင့်ထွန်းအောင်တို့က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းများဖွင့်



### ချောင်းဆုံ

ချောင်းဆုံမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။ အဆိုပါသင်တန်းကို သင်တန်းနည်းပြ လေးဦးတို့က သင်တန်းသား သင်တန်းသူ ၉၄ ဦးအား လေးရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်သည်။ **ကိုကျော်(ချောင်းဆုံ)**

### သာပေါင်း

သာပေါင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ဇူလိုင် ၆ ရက်က ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး မြို့နယ် ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိများက သင်တန်းသား ၇၀ အား သက်ဆိုင်ရာဥပဒေဘာသာရပ်များကို သုံးရက်ကြာ ပို့ချပေးမည်ဖြစ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

### မိုးနဲ

မိုးနဲမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇူလိုင် ၆ ရက်က မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ အုပ်ချုပ်ရေးမှူး ၂၆ ဦး တက်ရောက်ပြီး သက်ဆိုင်ရာဥပဒေဘာသာရပ်များကို မြို့နယ်ဥပဒေအရာရှိက ရှင်းလင်းဆွေးနွေးခဲ့သည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

### ကျွန်းလှ

ကျွန်းလှမြို့နယ်တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇူလိုင် ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေဆိုင်ရာ ဘာသာရပ်များကို နှစ်ရက်ကြာ ပို့ချခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**



မိုင်းပန်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ဇူလိုင် ၅ ရက်က ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးမင်းဝသုန်က အမှာစကားပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



သထုံမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ နည်းပြများက နှစ်ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်စဉ်။ ခရိုင်(ပြန်/ဆက်)

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**သထုံ ဇူလိုင် ၇**

သထုံမြို့နယ်၌ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ယမန်နေ့ နံနက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် တာဝန်ရှိသူများက သင်တန်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်း ID ကတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် တစ်လုံးထိုး လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များကို စနစ်တကျ မောင်းနှင်ခြင်း ပြုပြင်ထိန်းသိမ်းခြင်းများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သထုံ) ကျောင်းမှကျောင်းသားကျောင်းသူ ၃၅ ဦးတို့အား စက်မှုလယ်ယာ ဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက ၁၂ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ လူကုန်ကူးမှုနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေး

**ပန်းတောင်း ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ လူကုန်ကူးမှုနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (ဆင်တဲ)ခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်စန္ဒာက လူကုန်ကူးမှု အန္တရာယ်များမှ ရှောင်ရှားနိုင်ရန်အတွက် မိဘ၊ ဆရာ၊ ကျောင်းသား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ဆွေးနွေးပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာလတ်သူသူကျော်က သက်ငယ်မုဒိမ်းမှုနှင့် အကြမ်းဖက်မှုဒဏ်ခံရသူများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နည်းလမ်းများကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေကို လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**



## လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၇**

လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ် (၂/၂၀၂၆) သင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ဇူလိုင် ၂ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းအောင်ဆန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်လေးဖုံက သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

## အမှတ်(၁၆) မူလတန်းကျောင်း၌ အာဟာရကျွေးမွေးခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်



**ဟသ်ာတ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် သမဝါယမဦးစီးဌာနမှ (၁၀၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ကလေးငယ်များအား အာဟာရကျွေးမွေးခြင်းကို ဇူလိုင် ၃ ရက်က အမှတ် (၁၆) အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဟသ်ာတမြို့ ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်ဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ဦးစီးအရာရှိ ဒေါ်သဥ္ဇာခိုင်နှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မလှိုင်မြို့နယ်၌ ဝါစိုက်တောင်သူများသို့ မျိုးနှင့်သွင်းအားစုများ ပေးအပ်

**မလှိုင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ဝါစိုက်တောင်သူများသို့ မျိုးနှင့်သွင်းအားစုများပေးအပ်ပွဲကို သပြေပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၅ ရက်က ကျင်းပရာ မိုးနှောင်းဝါစိုက်ပျိုးသည့် သပြေပင်၊ ဘီးဇတ်ကုန်း စိုက်ထွေသမဝါယမအသင်းနှင့် လယ်တာကောင်း စိုက်ထွေသမဝါယမအသင်းများမှ တောင်သူ ၁၂၉ ဦးတို့၏ ဝါစိုက်ဧက ၂၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းနှင့် ညီမျှသည့် မျိုးနှင့်သွင်းအားစုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **ဇော်မင်း(မလှိုင်)**





## ပခုက္ကူမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**ပခုက္ကူ ဇူလိုင် ၇**

ပခုက္ကူမြို့၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝင်းတွင် ကျင်းပရာ ခရိုင်၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆောနှင့် ထီးလင်းမြို့နယ်များမှ တွဲဖက်ဦးစီးမှူးများနှင့် ဝန်ထမ်းများက ပျိုးပင် ၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ဘာမီသာ(ပခုက္ကူ)**

## ချမ်းအေးသာစံမြို့နယ် သမအသင်း ဝင်ငွေကြေညာလွှာ ပေးအပ်

**ချမ်းအေးသာစံ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ သမဝါယမအသင်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲကို မြို့နယ်သမဝါယမအသင်း၌ ဇူလိုင် ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကိုယ်စား ကြီးကြပ်ရေးမှူး ဦးစံအေးနှင့် သမဝါယမအသင်းများကိုယ်စား မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်အေးမာဌေးတို့က ဝင်ငွေကြေညာလွှာများ ပေးအပ်ခဲ့ရာ မြို့နယ်အခွန်ဦးစီးမှူး ဦးသက်ချိုက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိသမဝါယမအသင်း ၉၁ သင်းမှ ဝင်ငွေခွန်(ကြိုတင်ငွေ) ငွေကျပ် ၁၈၀၀၀၀၀ ပေးသွင်းခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများအား ဇူလိုင် ၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်စဉ်။ ဖြိုးစန္ဒာ(ဆိပ်ကမ်း)



မွန်ပြည်နယ် မော်လမြိုင်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က ခရိုင်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်စဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး သူနာပြုသိပ္ပံနှင့် သူနာပြုသင်တန်းကျောင်းအတွင်း ဇူလိုင် ၅ ရက်က ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို နေပြည်တော်အတွင်းရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ ဝန်ထမ်းများစုပေါင်း၍ ဆောင်ရွက်စဉ်။ နီလာ(ပြန်/ဆက်)



## ကျုံပျော်နွယ်ဖွားများနှင့်ပဋ္ဌာန်းဆက်ရှိကြသူများ အသိပေးနိုးဆော်အပ်ပါသည်

ကျုံပျော်မြို့နယ်လုံးဆိုင်ရာ မြို့လယ် **"သာသနဗိမာန်တော်ကြီး"** ကို ကျုံပျော်မြို့ အသောကာရာမကျောင်းတိုက်အနီး ကန်သာယာရေကန်အတွင်း တည်ဆောက်နေပါသည်။ တည်ဆောက်မည့် RC တစ်ထပ် အကျယ် ပေ ၁၅၀ × ၁၀၀ ကျုံပျော်မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးသည် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်းပေါင်း ၂၅၀၀၀ ကုန်ကျမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ❊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် (ရွှေကျင်) | ၀၉–၄၂၂၄၆၈၈၁ |
| ❊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် (သုဓမ္မာ) | ၀၉–၄၂၂၄၉၁၉၉၇ |
| ❊ အသောကာရာမကျောင်းတိုက် | ၀၄၆–၂၂၅၆၀၇၆ |
| ❊ ဦးသန်းစိုး (စတားရွှေစင်ရွှေဆိုင်) | ၀၉–၅၁၃၂၂၆၉ |
| ❊ ဦးမြိုးချို (ခေတ်မှီ မော်တော်ယာဉ်) | ၀၉–၂၅၄၁၁၄၄၆၇ |
| ❊ ဦးနိုင်အောင် (သိန်းမင်း သင်္ကန်းတိုက်) | ၀၉–၄၂၈၅၅၀၉၆၈ |
| ❊ ဦးအောင်မင်းထွန်း | ၀၉–၅၁၆၈၄၆၁ |
| ❊ ကိုလွင်မောင်ချို | ၀၉–၂၅၀၁၂၀၆၂၆ |
| ❊ ကိုသူရိန်ထွန်း | ၀၉–၄၂၂၅၂၂၁၁ |
| ❊ ကိုချမ်းမြေ့ထွန်း | ၀၉–၂၅၉၃၀၁၀၉၃ |

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ မူလွန် (ရွာဟောင်း) ကျောင်းမှ Grade– 5 ကျောင်းသူ မပိုးအိဖြိုး၏ ဖခင် အမည်မှန်မှာ ဦးဟိန်းလတ်အောင် ၈/ခမန(နိုင်) ၁၆၆၇၂၅ ဖြစ်ပါကြောင်း။

**ဦးဟိန်းလတ်အောင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လင်းလည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (Grade–11) တွင် ပညာသင်ကြားနေသော မောင်ဝေယံစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၈/မသန (နိုင်)၀၀၉၁၇၅ ဖြစ်ပါကြောင်း။

**ဦးမြင့်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ် (ဆိပ်ကမ်းပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၀)၊ မြေကွက်အမှတ် ( ၅၁၈) ဒေါ်သီသီတင် (၁၂/သဃက(နိုင်) ၀၁၅၃၀၁) စာအမှတ်(၁၀၀၃)ပါမစ်မူရင်းအမည်ပေါက်၊ (၄၀x၆၀)ပေ မြေကွက်မှ မြေပေါ်၊မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့်အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးဝင်းလှိုင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးချစ်လွင် မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ အားပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးချစ်လွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဥ်၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁)၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်( ၄၇၃/ခ) ရှိနှစ်(၆၀)ဂရန် အမည်ပေါက်ပေ (၄၀x၆၀) မြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသော (၁၅x၆၀)ပေ မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးလှသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးသူ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်သက် (LLB)**
**အထက်တန်းရှေ့နေစဥ် (၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/19395, OKENBO–125 ယာဉ်လက်ဝယ်ရှိသူ ဦးထန်ဒိုဒါလ်းမုန် ၄/တဇန(နိုင်) ၀၁၄၁၅၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2A/8611, Toyota Hilux LN–106 ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိန် ၁၃/လရန(နိုင်)၀၈၇၂၀၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မော်လမြိုင်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမထွေထွေမှုအမှတ်– ၂၇

၁။ ဦးဟာရှင်ဘိုင်(ခ)ဦးလှရွှေ (ဘ)ဦးအီစမိုင်အင် **လျှောက်ထားသူများ**
(၁၀/မလမ(နိုင်)၁၅၉၇၆၀)
၂။ ဒေါ်ဌေးဌေး (ဘ)ဦးအီစမိုင်အင်
(၃/ဘအန(နိုင်) ၄၉၇၅၆၆)
၃။ ဦးမောင်ဝင်း(ခ)ဂျာဘာ (ဘ) ဦးပိန်
(၁၀/မလမ(နိုင်)၂၃၆၀၁၅)
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ဖာရစီလမ်း၊ အမှတ်(၁၇/အေ)

ကွယ်လွန်သူ ဦးအီစမိုင်အင်နှင့် ဒေါ်ရမ်ဇမ်ဘီ တို့၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ရှမ်းစုလှိုင်ကွင်း၊ အကွက်အမှတ် (၂၅)၊ ဦးပိုင်အမှတ်(၂)၊ မြေချိန်ဧရိယာ (၀.၄၄၃) ဧကရှိ အိမ်ရာ မြေကွက်၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအီစမိုင်အင်နှင့် ဒေါ်ရမ်ဇမ်ဘီတို့၏ကျန်ရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့်လျှောက်ထားသူများဖြစ်သော (၁)။ ဦးဟာရှင်ဘိုင် (ခ) ဦးလှရွှေ ၊(၂)။ ဒေါ်ဌေးဌေး၊ (၃) ။ ဦးမောင်ဝင်း (ခ) ဂျာဘာ တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၊ ၁၆ ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်) တွင်ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအီစမိုင်အင်နှင့် ဒေါ်ရမ်ဇမ်ဘီ တို့ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုင်ရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ ၁၆ ရက်နေ့ ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင်၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**တွဲဖက်ခရိုင်တရားသူကြီး( ၁ )**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အလက (ခွဲ) ပျော်ဘွယ်ကုန်းကျေးရွာ Grade–7 တွင် ပညာသင်ကြားနေသော မောင်ဇင်လင်းကျော်၏ ဖခင် ဦးပုလဲစိန်၏ အမည်မှန်မှာ ဦးပုလဲ ၁၄/ကကန(နိုင်) ၁၃၇၈၂၆ ဖြစ်ပါကြောင်း။

**ဦးပုလဲ**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကံ့ကော်မြိုင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–11 တွင် ပညာသင်ကြားနေသော မောင်အောင်မြင့်မိုရ်၏ ဖခင် ဦးအေးကို အမည်မှန်မှာ ဦးအေးကိုကို ၁၄/ကကန (နိုင်) ၀၈၆၂၈၈ ဖြစ်ပါကြောင်း။ **ဦးအေးကိုကို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/6028 ယာဉ်လက်ဝယ်ရှိသူ ဦးဂမ်ဂျာ ၁/ဝမန (နိုင်)၀၉၂၉၇၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/11591 , Honda Click–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းထွန်း ၅/မရန(နိုင်) ၂၂၆၇၄၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမည်(၆/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၃)၊ ဧရိယာ (၀ဒသမ၀၅၅)ဧက အကျယ်ရှိမြေအား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်နန်းလောင်ဝီးခမ်း (၁၃/တယန(နိုင်)၀၀၁၉၅၅) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၆၉)၊ မဏိစန္ဒာလမ်း၊ မြေကွက်အမှတ် (၁၂၀၃)ရှိ အကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ် (၁၂၀၂)နှင့် ကပ်လျက်အခြမ်း အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ဒေါ်ခင်သိန်းဌေး (SBO–087874) အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းဝေ (၁၄/မမန(နိုင်)၁၁၁၁၀၂)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝါဝါခိုင် (၁၂/ဒဂတ(နိုင်)၀၃၈၄၁၆)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက် လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဥ် ၅၂၀၇၃)**
**ဖုန်း– ၀၉–၄၅၆၁၃၃၄၄၆၊ ၀၉– ၇၇၅၀၀၈၃၆၅**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုရန် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ် (၇၄၅) နေ ဦးသန့်ဇင်အောင် (၆/ကသန (နိုင်) ၀၇၇၇၁၅) က အောက်တွင်ဖော်ပြထားသော ကုန်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုရန် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင် စာချုပ်အမှတ် –၄/၅၀၁၃ (၂၃–၆–၂၀၂၆) ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်–




**မှတ်ပုံတင်အမှတ် (၄/၅၀၁၃/၂၀၂၆)**

၁။ အထက်ပါ '' 45 မိုးပြာ MoePyar"သောက်ရေသန့် RO, UV, UF System ဟူသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ (Logo) အမှတ်အသားကို ထည့်သွင်းထုတ်ပိုးမည့် ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ဖလတ်စတစ်ဖတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက်က္ကူရွက်၊ ပါဆယ်ထုပ်များ အစရှိသည့် ထည့်သွင်းပစ္စည်းအမျိုးမျိုး၊ ထုတ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ် တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ ရေးဆွဲဖော်ပြ၍လည်းကောင်း၊ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးအဆောင်ပစ္စည်းများ၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ ဗွီနိုင်း၊ Letter Head ရုပ်ရှင်၊ TV၊ မဂ္ဂဇင်း၊ စာစောင် စသည့်ကြော်ငြာအမျိုးမျိုးတို့တွင်လည်းကောင်း Internet Website E–mail ငွေပြေစာ၊ ဖြတ်ပိုင်း၊ ဘောက်ချာ၊ တံဆိပ်တုံးများတွင် ယင်းတံဆိပ်အမည် အမှတ်အသားကို အရွယ်အစား အမျိုးမျိုးဖြင့် ရိုက်နှိပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

၃။ အထက်ပါ "45 မိုးပြာ Moe Pyar "သောက်ရေသန့် RO, UV, UF System ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်အောင် (၆/ကသန(နိုင်)၀၇၇၇၁၅)၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှား၊ တုပပြု လုပ်သုံးစွဲနေကြောင်း တွေ့မြင်သိရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖွန်မေဒေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၃၆၁၀)**
**အမှတ်–၅၀၊ ပထမထပ်၊ အခန်း(စီ–၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၀၂၄၄၃၁၆**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အမှတ် (၁) ရပ်ကွက်နေ ကျွန်တော် ဦးစိုးမြင့် ၈/ဆမဝ(နိုင်) ၀၄၀၆၄၁ ပိုင်ဆိုင်သော တွဲ–သံ ၁၆၁၀ ရေယာဉ်၏ ရေယာဉ်မှတ်ပုံတင် ကုန်စည်ပို့ဆောင်ခွင့်လိုင်စင်အပိုင်း (၁) (၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း–၀၉–၂၅၃၀၆၁၆၂၈**

## မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ အလက (တလိုင်းယာ)ကျောင်း Grade–6 တွင် ပညာသင်ကြားနေသော မလင်းသန္တာထက်၏ မိခင်အမည်မှန်မှာ ဒေါ်ဥမ္မာဆန်း ၁၁/ရသတ(နိုင်) ၀၈၁၃၅၀ ဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာဆန်း**

## မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ အလက (တလိုင်းယာ)ကျောင်း Grade–6 တွင် ပညာသင်ကြားနေသော မခင်ဝင်းမြတ်၊ Grade–5 မှ မချစ်မြတ်ဝင်း တို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဝင်း ၆/ရဖန(နိုင်)၁၀၁၂၄၃ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဝင်း**

## မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ အလက (တလိုင်းယာ) ကျောင်း Grade–8 တွင် ပညာသင်ကြားနေသော မမေနှောင်းအေး ၏ မိခင်အမည်မှန်မှာ ဒေါ်စောနုချေ ၆/ ရဖန(နိုင်) ၁၃၂၄၀၉ ဖြစ်ပါကြောင်း။

**ဒေါ်စောနုချေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၈၂၁၄၇, Honda Wave–100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်းစိုး က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/39479, RATO 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆန်းညွန့်ရှင် ၁၄/မအပ(နိုင်) ၁၅၆၀၇၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မုံရွာမြို့၊ လယ်ဇင်ကျေးရွာ၊ အကွက်အမှတ်နှင့်အမည်(၆၈၅–ဆားကျင်းကြီး)၊ ဦးပိုင်အမှတ်(၁(င))၊ ဧရိယာ(၀.၂၉၄) ဧကရှိမြေနေရာသည် မြို့မြေအမှုတွဲအမှတ် ၄၅၁V ၂၀၁၄–၂၀၁၅ အရ ဒေါ်နှင်းဖြူလွင်၊ ဒေါ်ယဉ်ဝေလွင်၊ ဦးကိုကိုလွင် အမည်ဖြင့် (၆–၄–၂၀၁၅)ရက်မှစ၍ မူလသက်တမ်းအတိုင်း (၁၁–၉–၁၉၉၆ မှ ၁၀–၉–၂၀၂၆အထိ) နှစ်(၃၀)အမည်ပြောင်းချထားပေးသောမြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ(၁၀–၉–၂၀၂၆)ရက်တွင် မြေငှားစာချုပ်သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဒေါ်နှင်းဖြူလွင်၊ ဒေါ်ယဉ်ဝေလွင်၊ ဦးကိုကိုလွင် အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်(၂၂–၆–၂၀၂၆)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၇/၄)၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၇၉)၊ မြေဧရိယာ (၀.၁၃၀)ဧကရှိ မြေကွက်သည် မူလက ဦးအေးကို အမည်ဖြင့် (၆–၅–၂၀၄၅)ရက် အထိ နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က(၂၁–၄–၂၀၂၆) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၁၇/၂၀၂၆) အရမူလဧရိယာ (၀.၁၃၀)ဧကအနက် တောင်ဘက်အခြမ်း မြေဧရိယာ(၀.၀၅၉)ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးတင်မျိုးဝေ ၅/တဆန(နိုင်)၀၅၇၇၇၆၊ ဒေါ်အရှန် ၁/မကန(နိုင်)၁၀၂၀၄၄(၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးတင်မျိုးဝေပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းအမိန့်ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂–မဒ)၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ် (၉၃/ခ)၊ မြေကွက်အကျယ်အဝန်း (၂၅ပေxပေ၆၀)ရှိ ဒေါ်ကုလားမ အမည်ဖြင့်ချထားသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သီတာဆွေ (၁၂/ဒဂမ(နိုင်)၀၁၈၁၉၉)က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လင်းလင်း (၁၂/သဃက(နိုင်)၁၅၉၈၈၇) မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်မေလှိုင် တရားလွှတ်တော်ရှေ့နေ (စဥ်–၇၉၁၆/ ၂၁–၁၂–၂၀၁၁) LL.B, D.B.L, Dip in English**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**Ph–09–5083805,09–799618472**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၃၀

ဦးမျိုးလှိုင်ကျော် **နှင့်** ဦးထွန်းဇံ(လုံခြုံရေး)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၁၃၁x၁၃၂ လမ်းကြား၊ ၆၅x ၆၆လမ်းကြား၊ အကွက်အမှတ် (ခခ-၅)နေ ဦးထွန်းဇံ(လုံခြုံရေး)(ဘ) ဦးငွေရ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးလှိုင်ကျော်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၉)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်အဝန်းရှိ ဦးထွန်းဇံ အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆၄

ဒေါ်တင်မြင့် **နှင့်** ဒုအရာခံဗိုလ်သန်းဝင်း(ခ)ဦးသန်းဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၇၄X၇၅ လမ်းကြား၊ ၁၁၄ x ၁၁၅ လမ်းကြား၊ အကွက်အမှတ်(၀-၂)၊ ဦးပိုင်အမှတ်(၇)နေ ဒုအရာခံဗိုလ်သန်းဝင်း(ခ)ဦးသန်းဝင်း(ဘ)ဦးမောင်ရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်မြင့် က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ဈ)ရပ်ကွက်၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၉)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုအရာခံဗိုလ်သန်းဝင်း အမည်ပေါက်ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
## ဝါတွင်းကာလဥပုသ်နေ့များတွင် တရားပွဲများကို (၅၄)ကြိမ်မြောက် ကျင်းပသွားပါမည်

သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်စစ်ရတနာ ကိန်းဝပ်တော်မူရာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဝါတွင်းကာလဖြစ်သော ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (၂၉-၇-၂၀၂၆)ရက် ၊ (ဗုဒ္ဓဟူးနေ့)မှစ၍ သီတင်းကျွတ်လပြည့် (၂၆-၁၀-၂၀၂၆)ရက်၊ ( တနင်္လာနေ့)အထိ အပတ်စဉ် ဥပုသ်နေ့များ၌ နံနက် (၉:၃၀) နာရီအချိန်တွင် သီလပေးတရားတော်များကို ဗိုလ်တထောင်မြို့နယ်မှ ဆရာတော်အရှင်သူမြတ်များကလည်းကောင်း၊ မွန်းလွဲ (၁၃:၀၀)နာရီတွင် ဩဝါဒ စရိယဆရာတော်ကြီးများ၊ တိပိဋကရေမွေဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်ကြီးများကလည်းကောင်း၊ ညနေ (၁၅:၀၀)နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများကလည်းကောင်း တရားတော်များ ချီးမြှင့် ဟောကြားတော်မူမည့် (၅၄)ကြိမ်မြောက် တရားပွဲဖြစ်ပါသည်။

တရားဘာဝနာလာရောက်ပွားများမည့် တရားနာသူတော်စင်များအား အာဟာရ ဒါနအဖြစ် နေ့စဉ်လူ(၅၀၀)စာကို ကုသိုလ်ပြုလှူဒါန်းသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော် ပန်ကြားအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၉-၇၉၂၄၄၇၃၀၀ ၊ ၀၉ -၉၇၀၃၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်-(မြို့သစ်-၈)၊ ပိတောက်လမ်း ၊ မြေကွက်အမှတ် ၁၉၃/ခ ၊ အကျယ်အဝန်း(ပေ ၂၀ X ပေ ၆၀)ရှိ ဦးဘညွန့် အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်ရီရီသန်း(၁၂/အစန(နိုင်)၀၃၂၇၇၀)၊ ဦးသန်းအောင်(၁၂/အစန(နိုင်)၁၃၄၆၈၃)၊ ဦးသန်းဆောင် (၁၂/အစန(နိုင်) ၁၃၄၈၄၄)၊ ဒေါ်မြင့်မြင့်သန်း(၁၂/အစန(နိုင်)၀၃၃၈၁၄)၊ ဒေါ်ဖြူဖြူဝင်း(၁၂/အစန (နိုင်)၀၃၃၈၁၅)၊ ဒေါ်စိုးစိုးမူ(၁၂/အစန(နိုင်)၀၃၂၅၄၀)၊ ဒေါ်စိုးစိုးသူ(၁၂/အစန(နိုင်)၀၃၃၈၁၆)တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဇော်လင်းထွန်း (၁၂/ဒဂဆ(ပြု)၀၀၀၀၉၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မေလတ် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၂၁၈)**
**အမှတ် (၆) ၊ အရှေ့ကုန်းလမ်း၊ စမ်းချောင်း (မြောက်)ရပ်ကွက် ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09- 420040149**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အ.ထ.က(၃)၊ Grade-6 မှ မောင်သူရထွဋ်မြတ် ၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်း (၈/ရနခ(နိုင်) ၀၇၂၅၇၂) ဖြစ်ပါကြောင်း။

**ဦးဝင်းထွန်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က(ကုန်းဇောင်း) Grade-10(B)မှ မရွှန်းလဲ့ရွှေရည်နှင့် အ.လ.က(ခွဲ) ရွာသာညွန့် Grade-6 မှ မရွှေရည်ထူး တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းသူ (၈/ရနခ(နိုင်) ၁၀၅၀၇၉) ဖြစ်ပါကြောင်း။

**ဦးဝင်းသူ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အလက (ခွဲ) ပျော်ဘွယ်ကုန်းကျေးရွာ Grade-7 တွင် ပညာသင်ကြားနေသော မအိအိသိမ့် ၏ ဖခင် ဦးအောင်ထွန်းနိုင်၏အမည်မှန်မှာ ဦးထွန်းနိုင် ၁၄/ကကန(နိုင်)၁၃၇၈၂၈ ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အလက (ခွဲ) ပျော်ဘွယ်ကုန်းကျေးရွာ Grade-8 တွင် ပညာသင်ကြားနေသော မနှင်းထက်ထက်၏ ဖခင် ဦးဆန်းဝင်းထွန်း၏ အမည်မှန်မှာ ဦးဆန်းဝင်း ၁၄/ကကန(နိုင်) ၀၄၅၇၆၈ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၄၇၅) ဟုခေါ်တွင်သော မြေအလျားx အနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင် (ISN-၀၅၀၄၂၄) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ထိုက်ဦး (၁၂/ကမတ(နိုင်)၀၆၂၅၇၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က(ကုန်းဇောင်း) Grade-10(A)မှ မောင်ဝေလင်းအောင် ၏ ဖခင်အမည်မှန်မှာ ဦးပေါက်စ (၈/ပဖန(နိုင်) ၀၁၆၂၇၇) ဖြစ်ပါကြောင်း။

**ဦးပေါက်စ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က(ပွင့်ဖြူ) Grade - 12(A) မှ မဇင်ဝင်းမေ၏ ဖခင်အမည်မှန်မှာ ဦးသန်းညွန့် (၁၃/သပန(နိုင်)၀၁၄၈၅၃) ဖြစ်ပါကြောင်း။

**ဦးသန်းညွန့်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

